# ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်
# ပထမအကြိမ်ပြည်သူ့လွှတ်တော်ပုံမှန်အစည်းအဝေး
# ဆဋ္ဌမနေ့ မှတ်တမ်း

**၁၃၇၂ ခုနှစ် ၊ တပေါင်းလဆန်း ၅ ရက်**

**(၂၀၁၁ ခုနှစ် ၊ မတ်လ ၉ ရက်)**

**(ဗုဒ္ဓဟူးနေ့)**

နေပြည်တော်ရှိ ပြည်သူ့လွှတ်တော်အစည်းအဝေးခန်းမတွင် ပထမအကြိမ် ပြည်သူ့လွှတ်တော် ပုံမှန်အစည်းအဝေး ဆဋ္ဌမနေ့ အစည်းအဝေးကို နံနက် ၁၀း၀၀နာရီ အချိန်၌ စတင်ကျင်းပပါသည်။

[ ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌ အဖြစ် သူရဦးရွှေမန်းက ဆောင်ရွက်ပြီး၊ အခမ်းအနားမှူးအဖြစ် ဦးကျော်စိုး၊ ဒုတိယညွှန်ကြားရေးမှူးချုပ်၊ လွှတ်တော်ရုံး က ဆောင်ရွက်ပါသည်။]

**အချိန် ၊ ၁၀း၀၀။**

**အခမ်းအနားမှူး။** ။ပြည်သူ့လွှတ်တော် ကိုယ်စားလှယ်များ ခင်ဗျား။ ယခု အချိန်ကစပြီး ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် ပထမအကြိမ်ပြည်သူ့လွှတ်တော်ပုံမှန် အစည်းအဝေး ဆဋ္ဌမနေ့ အစီအစဉ်စတင်ပါတော့မယ်။

## ပြည်သူ့လွှတ်တော် ဥက္ကဋ္ဌ နေရာယူခြင်း

**အခမ်းအနားမှူး ။** ။ ပြည်သူ့လွှတ်တော် ဥက္ကဋ္ဌကြီး ကြွရောက်လာပါပြီခင်ဗျား။

[ ပြည်သူ့လွှတ်တော် ဥက္ကဋ္ဌသည် ဥက္ကဋ္ဌအတွက် သတ်မှတ်ထားသည့် စင်မြင့်ပေါ်သို့ ကြွရောက်နေရာယူပါသည်။]

**အခမ်းအနားမှူး ။** ။ အားလုံးထိုင်နိုင်ကြပါပြီခင်ဗျား။

## ပြည်သူ့လွှတ်တော် အစည်းအဝေး ဆဋ္ဌမနေ့ အထမြောက်ကြောင်းနှင့် စတင်ကျင်းပကြောင်းကြေညာခြင်း

**အချိန်၊ ၁၀း၀၃။**

**ဥက္ကဋ္ဌ။** ။ပြည်သူ့လွှတ်တော် ကိုယ်စားလှယ်များ ခင်ဗျား။ ဒီကနေ့ကျင်းပတဲ့ ပထမအကြိမ် ပြည်သူ့လွှတ်တော် ပုံမှန်အစည်းအဝေး ဆဋ္ဌမနေ့မှာ ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်များ စိစစ်ရေး ကော်မတီရဲ့ တင်ပြချက်အရ အစည်းအဝေးသို့ တက်ရောက်ခွင့်ရှိတဲ့ ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် (၄၃၃)ဦး ရှိပြီး၊ ဒီကနေ့ အစည်းအဝေးကို (၄၃၁)ဦး တက်ရောက်ပါတယ်။ အစည်းအဝေးသို့ တက်ရောက်ခွင့်ရှိတဲ့ ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ဦးရေ စုစုပေါင်းရဲ့ (၉၉.၅၄) ရာခိုင်နှုန်းရှိပြီး တက်ရောက်တဲ့ ကိုယ်စားလှယ်ဦးရေဟာ အစည်းအဝေး အထမြောက်ရန် လိုအပ်တဲ့ ကိုယ်စားလှယ် ဦးရေ သုံးပုံတစ်ပုံထက် ကျော်လွန်တဲ့အတွက် ပြည်သူ့လွှတ်တော်ဆိုင်ရာ ဥပဒေပုဒ်မ၄၀ နဲ့ နည်းဥပဒေ ၂၁၊ နည်းဥပဒေခွဲ (က)နဲ့ (ဂ)တို့အရ အစည်းအဝေး အထမြောက်ကြောင်းနဲ့ အစည်းအဝေး စတင် ကျင်းပကြောင်း ကြေညာ ပါတယ်။(သြဘာသံများ)

## အစည်းအဝေး အစီအစဥ်ဖြန့်ဝေထားကြောင်းတင်ပြခြင်း

**အချိန်၊ ၁၀း၀၄ ။**

**ဥက္ကဋ္ဌ။** ။ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်များခင်ဗျား။ ပြည်သူ့လွှတ်တော်ဆိုင်ရာ နည်း ဥပဒေ ၄၊ နည်းဥပဒေခွဲ (ခ)အရ ပထမအကြိမ် ပြည်သူ့လွှတ်တော် ပုံမှန်အစည်းအဝေး ဆဋ္ဌမနေ့ အစီအစဥ်များကို ပြည်သူ့လွှတ်တော် ကိုယ်စားလှယ် များထံ ကြိုတင်ဖြန့်ဝေထားပြီးဖြစ်ပါတယ်။

## ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်များ ခွင့်ပန်ကြားခြင်း

**အချိန်၊ ၁၀ း ၀၅ ။**

**ဥက္ကဋ္ဌ။** ။ ပြည်သူ့လွှတ်တော် ကိုယ်စားလှယ်များခင်ဗျား။ အစည်းအဝေး မတက်ရောက် နိုင်တဲ့ ပြည်သူ့လွှတ်တော် ကိုယ်စားလှယ်များ ခွင့်ပန်ကြားရန် ဖြစ်ပါတယ်။ ပြည်သူ့လွှတ်တော်ဆိုင်ရာ နည်းဥပဒေ ၄ ၊ နည်းဥပဒေခွဲ(ဂ)၊ နည်းဥပဒေခွဲငယ် (၁)အရ ခွင့်ပန်ကြားလိုတဲ့ ကိုယ်စားလှယ်များဟာ မိမိကိုယ်တိုင်သော်လည်းကောင်း၊ မိမိအတွက် အခြားလွှတ်တော် ကိုယ်စားလှယ် တစ်ဦးကသော် လည်းကောင်း၊ လွှတ်တော်သို့ တင်ပြ၍ အဆုံးအဖြတ်ရယူမှာ ဖြစ်ပါတယ်။ ခွင့်ပန်ကြားလိုသူရှိပါက ခွင့်ပန်ကြားဖို့ဖြစ်ပါတယ်။

**ဦးဘရှိန် (ကျောက်ဖြူမဲဆန္ဒနယ်)** ။ ။လေးစားအပ်ပါသော ဥက္ကဋ္ဌကြီးနှင့်တကွ ပြည်သူ့လွှတ်တော် ကိုယ်စားလှယ်တော်ကြီးများ အားလုံးမင်္ဂလာပါခင်ဗျား။ ကျွန်တော်က ရခိုင်ပြည်နယ်၊ ကျောက်ဖြူမြို့နယ်က ပြည်သူ့လွှတ်တော် ကိုယ်စားလှယ် ဦးဘရှိန်ဖြစ်ပါတယ်။ ရခိုင်ပြည်နယ်၊ ကျောက်တော်မြို့နယ် ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ဦးသာစိန်ကိုယ်စား ခွင့်ပန်ကြားမှာဖြစ်ပါတယ်။ ရခိုင်ပြည်နယ်၊ ကျောက်တော်မြို့နယ် ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ဦးသာစိန်ဟာ သူ့ရဲ့သားကြီးဖြစ်တဲ့ ဦးမောင်မောင်ဦး ကျန်းမာရေးအခြေအနေ အလွန်စိုးရိမ်နေရတဲ့အတွက်ကြောင့် ဦးမောင်မောင်ဦး နေထိုင်ရာ ရန်ကုန်မြို့သို့ အရေးပေါ်သွားရောက် နေရပါတယ်။ ဒါ့ကြောင့် ရခိုင်ပြည်နယ်၊ ကျောက်တော်မဲဆန္ဒနယ်က ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ဦးသာစိန်အား ဒီကနေ့ ၉-၃-၂၀၁၁ ရက်မှ ၁၁-၃-၂၀၁၁ ရက်နေ့အထိ (၃)ရက်ကို ခွင့်ပေးပါရန် ဦးသာစိန် ကိုယ်စား ခွင့်ပန်ကြားအပ်ပါတယ်။

**ဥက္ကဋ္ဌ**။ ။ကျောက်တော်မဲဆန္ဒနယ်မှ ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ဦးသာစိန် အတွက် ခွင့်ပန်ကြားချက်ကို ခွင့်ပြုပေးဖို့ လွှတ်တော်က သဘောတူပါသလားခင်ဗျား။

[သုံးကြိမ်တိုင်တိုင်မေးမြန်းပါသည်။ လွှတ်တော်က သဘောတူပါသည်။]

**ဥက္ကဋ္ဌ**။ ။ ကျောက်တော်မဲဆန္ဒနယ်မှ ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ဦးသာစိန်အတွက် ခွင့်ပန်ကြားချက်ကို လွှတ်တော်က သဘောတူတဲ့အတွက် ခွင့်ပြုပါတယ်။

## ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်များ အစည်းအဝေးတက်ရောက်မှု အခြေအနေကို မှတ်တမ်းတင်ခြင်း

**အချိန်၊ ၁၀ : ၀၆ ။**

**ဥက္ကဋ္ဌ**။ ။ ပြည်သူ့လွှတ်တော် ကိုယ်စားလှယ်များ ခင်ဗျား။ ဒီကနေ့ ပထမအကြိမ် ပြည်သူ့ လွှတ်တော် ပုံမှန်အစည်းအဝေး ဆဋ္ဌမနေ့မှာ တက်ရောက်ခွင့်ရှိတဲ့ ပြည်သူ့လွှတ်တော် ကိုယ်စားလှယ် ဦးရေ (၄၃၃)ဦး ၊ ယခင်က ခွင့်ပန်ကြား၍ လွှတ်တော်က ခွင့်ပြုထားသူ (၁)ဦး၊ ယနေ့ ခွင့်ပန်ကြား သဖြင့် ခွင့်ပြုထားသူ (၁)ဦး ဖြစ်၍ လွှတ်တော်က ခွင့်ပြုထားသူ စုစုပေါင်း (၂)ဦး ဖြစ်ပါတယ်။ ခွင့်ပန်ကြားခြင်းမရှိဘဲ အစည်းအဝေးတက်ရောက်ရန် ခွင့်မဲ့ပျက်ကွက်သူမရှိပါ။

ပြည်သူ့လွှတ်တော်ဆိုင်ရာ နည်းဥပဒေ ၄ ၊ နည်းဥပဒေခွဲ (ဂ)၊ နည်းဥပဒေခွဲငယ်(၂)အရ အခု လွှတ်တော်ကိုယ်စားလှယ်များ အစည်းအဝေး တက်ရောက်မှုအခြေအနေ တင်ပြချက်ကို ပြည်သူ့လွှတ်တော်ရဲ့ အတည်ပြုချက်ရယူပါမယ်။

ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်များ အစည်းအဝေးတက်ရောက်မှု အခြေအနေတင်ပြချက်ကို အတည်ပြုပါသလားခင်ဗျား။

**[ သုံးကြိမ်တိုင်တိုင် မေးမြန်းပါသည်။ လွှတ်တော်က အတည်ပြုပါသည်။]**

**အချိန်၊ ၁၀ း၀၇။**

**ဥက္ကဋ္ဌ။** ။ပြည်သူ့လွှတ်တော်က အတည်ပြုတဲ့အတွက် ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်များ အစည်းအဝေးတက်ရောက်မှု အခြေအနေကို ပြည်သူ့လွှတ်တော်က အတည်ပြုမှတ်တမ်းတင်ကြောင်း ကြေညာပါတယ်။ (သြဘာသံများ)

## ကြယ်ပွင့်ပြထားသည့် မေးခွန်းများကို သက်ဆိုင်ရာ ပြည်သူ့လွှတ်တော် ကိုယ်စားလှယ်များက မေးမြန်းခြင်းနှင့် သက်ဆိုင်ရာ ပြည်ထောင်စုအဆင့် အဖွဲ့အစည်းဝင်များက ဖြေကြားခြင်း

**အချိန်၊ ၁၀ း၁၀။**

**ဥက္ကဋ္ဌ။** ။ပြည်သူ့လွှတ်တော် ကိုယ်စားလှယ်များခင်ဗျား။ ယခု ပြည်သူ့လွှတ်တော်ဆိုင်ရာနည်းဥပဒေ ၁၁၆ အရ လွှတ်တော်ကိုယ်စားလှယ်များက မေးမြန်းထားတဲ့ မေးခွန်းများအနက် စိစစ်ခွင့်ပြုသင့်တဲ့ ကြယ်ပွင့်ပြ မေးခွန်းများကို မေးမြန်းခြင်းနဲ့ ဖြေကြားခြင်း ဆောင်ရွက်မှာဖြစ်ပါတယ်။ လွှတ်တော်ကိုယ်စားလှယ်များက မေးမြန်းပြီးချိန်မှာ သက်ဆိုင်ရာ ပြည်ထောင်စုအဆင့် အဖွဲ့အစည်းဝင်က ဖြေကြားဖို့ဖြစ်ပါတယ်။

### မြောက်ဦး ရှေးဟောင်းယဉ်ကျေးမှုဒေသနှင့်စပ်လျဉ်းသည့်မေးခွန်း

**ဥက္ကဋ္ဌ။** ။ပထမဦးစွာ မြောက်ဦးမဲဆန္ဒနယ်မှ လွှတ်တော်ကိုယ်စားလှယ်ဦးအောင်ထွန်းသာက မြောက်ဦး ရှေးဟောင်းယဉ်ကျေးမှုဒေသနှင့်စပ်လျဉ်းတဲ့ မေးခွန်း ဖြစ်ပါတယ်။

**အချိန်၊ ၁၁း၁၁။**

**ဦးအောင်ထွန်းသာ(မြောက်ဦးမဲဆန္ဒနယ်)။** ။လေးစားအပ်ပါသော ပြည်သူ့လွှတ်တော် ဥက္ကဋ္ဌကြီးနှင့် ပြည်သူ့လွှတ်တော် ကိုယ်စားလှယ်တော်ကြီးများ ဘေးဘယာ ကင်းဝေးပြီး ရွှင်လန်းသာယာ ရှိကြပါစေလို့ နှုတ်ခွန်းဆက်သ ဂါရဝပြုပါတယ်။ ကျွန်တော်ကတော့ ရခိုင်ပြည်နယ်၊ မြောက်ဦးမဲဆန္ဒနယ်မှ ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ဦးအောင်ထွန်းသာ ဖြစ်ပါတယ်။

လေးစားအပ်ပါသော ပြည်သူ့လွှတ်တော် ဥက္ကဋ္ဌကြီး ခင်ဗျား။ ယခု ကျွန်တော်ပြည်သူ့လွှတ်တော်သို့ တင်သွင်း ထားတဲ့ မေးခွန်းကို မေးမြန်းပါမယ်။ ရခိုင်ပြည်နယ်၊ မြောက်ဦး ရှေးဟောင်းယဉ်ကျေးမှုဒေသအား ယူနက်စကို အသိအမှတ်ပြု ကမ္ဘာ့ရှေးဟောင်းအမွေအနှစ်များ ထိန်းသိမ်းရေး စာရင်းဝင် ဒေသအဖြစ် သတ်မှတ် နိုင်ရန်အတွက် နိုင်ငံတော်အစိုးရမှ ဆောင်ရွက်ပေးရန် အစီအစဉ်ရှိပါသလား။ ကျေးဇူးတင်ပါတယ်။

**ဖြေကြားချက်**

**အချိန်၊ ၁၀ း ၁၂ ။**

**ဦးခင်အောင်မြင့်(ဝန်ကြီး၊ ယဉ်ကျေးမှုဝန်ကြီးဌာန)**။ ။လေးစားအပ်သော ဥက္ကဋ္ဌကြီးခင်ဗျား။ ရခိုင်ပြည်နယ်၊ မြောက်ဦးမြို့နယ် ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ဦးအောင်ထွန်းသာ မေးမြန်းတဲ့ ရခိုင်ပြည်နယ်၊ မြောက်ဦးဒေသကို ယူနက်စကို ကမ္ဘာ့ယဉ်ကျေးမှု အမွေအနှစ်ဒေသ စာရင်းဝင်အဖြစ် နိုင်ငံတော်အစိုးရမှ ဆောင်ရွက်ဖို့ အစီအစဉ် ရှိပါသလား ဆိုတဲ့မေးခွန်းနဲ့ ပတ်သက်လို့ ယဉ်ကျေးမှု ဝန်ကြီးဌာန၊ ဝန်ကြီးအနေနဲ့ ဖြေကြားမှာ ဖြစ်ပါတယ်။ ယဉ်ကျေးမှု ဝန်ကြီးဌာနဟာ ၂၀၁၀ခုနှစ် ကစပြီးတော့ မြန်မာနိုင်ငံမှာရှိတဲ့ ရှေးဟောင်းယဉ်ကျေးမှု အမွေအနှစ်ဒေသတွေကို ကမ္ဘာ့ယဉ်ကျေးမှု အမွေ အနှစ်စာရင်းဝင်ဖို့ စတင်ဆောင်ရွက်ပါတယ်။ ဒီလိုဆောင်ရွက်တဲ့အခါမှာ ယူနက်စကိုအဖွဲ့ရဲ့ စည်းမျဉ်း စည်းကမ်းတွေကြောင့် လူသူနည်းပါးပြီးတော့၊ အနေအထိုင် နည်းပါးပြီး ဘာသာရေး အဆောက် အဦ နည်းပါးတဲ့ နေရာဒေသတွေ အရင်ရွေးချယ်ရပါတယ်။ နောက်တစ်ခုက မြန်မာနိုင်ငံမှာ ရှေးအကျဆုံး ကမ္ဘာက စိတ်ဝင်စားတဲ့ဒေသ အရင်ရွေးချယ်ရပါတယ်။ ဒါ့ကြောင့် သရေခေတ္တရာ၊ ဟန်လင်း၊ ဗိဿနိုး ဒါတွေဟာ BC တစ်ရာစုကနေပြီးတော့ AD လေးရာစုအတွင်းမှာ ဖြစ်တည်ခဲ့တဲ့ ပျူရှေးဟောင်းမြို့ပြတွေဖြစ်ပြီးတော့ ယဉ်ကျေးမှုအမွေအနှစ်တွေ အမြောက်အမြား ကျန်ခဲ့တဲ့ဒေသ ဖြစ်ပါတယ်။ ဒါကြောင့် ဒီပျူရှေးဟောင်း ဒေသတွေကို ပထမဦးစွာ တစ်ဆက်တစ်စပ်တည်းသော အမွေအနှစ်ဒေသအဖြစ် ကျွန်တော်တို့ တင်သွင်းထားပြီးတော့ လုပ်ထုံးလုပ်နည်းများအရ ဆောင်ရွက် လျက်ရှိ ပါတယ်။ အလားတူပဲ ရခိုင်၊ မြောက်ဦးဒေသနှင့် ပတ်သက်လာလျှင်လည်း သမိုင်းစဉ်အရ ရှေးကျမှု၊ ယူနက်စကိုအဖွဲ့ရဲ့ လုပ်ထုံးလုပ်နည်းတွေနဲ့ကိုက်ညီမှုတွေအပေါ် မူတည်ပြီးတော့ အလှည့်ကျ ဆောင်ရွက်သွားမှာဖြစ်ပါတယ်လို့ ဖြေကြားပါတယ်။ အားလုံးကိုလေးစားပါတယ်။(ဩဘာသံများ)

**တောင်သူလယ်သမားအခွင့်အရေးနှင့်စပ်လျဉ်းသည့်မေးခွန်း**

**ဥက္ကဋ္ဌ**။ ။ဆက်လက်ပြီး ပုဇွန်တောင် မဲဆန္ဒနယ်မှ ပြည်သူ့လွှတ်တော် ကိုယ်စားလှယ် ဦးအောင်ဇင်အား တောင်သူလယ်သမားအခွင့်အရေးနဲ့ စပ်လျဉ်းတဲ့ မေးခွန်းမေးမြန်းဖို့ ဖိတ်ခေါ် ပါတယ်။

**အချိန်၊ ၁၀ း၁၅။**

**ဦးအောင်ဇင်(ပုဇွန်တောင်မဲဆန္ဒနယ်)**။ ။မင်္ဂလာပါခင်ဗျား။ လေးစားအပ်ပါသော ဥက္ကဋ္ဌကြီး နှင့်တကွ ကိုယ်စားလှယ်များအားလုံး ကိုယ်စိတ်နှစ်ဖြာကျန်းမာချမ်းသာကြပါစေလို့ နှုတ်ခွန်းဆက်သပါ တယ်။ကျွန်တော်ကတော့ရန်ကုန်တိုင်းဒေသကြီး၊ ပုဇွန်တောင်မြို့နယ် ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်

ဦးအောင်ဇင် ဖြစ်ပါတယ်။ လေးစားအပ်ပါသော လွှတ်တော်ဥက္ကဋ္ဌကြီးခင်ဗျား။ ကျွန်တော် ဦးအောင်ဇင် ပြည်သူ့လွှတ်တော် ကိုယ်စားလှယ်က လေးစားစွာဖြင့် အောက်ပါ အတိုင်း တင်ပြအပ်ပါတယ်။

ရှေးယခင် ခေတ်အဆက်ဆက်က မြေယာပိုင်ဆိုင်ခွင့် အမျိုးမျိုးရှိခဲ့သော်လည်း နိုင်ငံတော်က သာလျှင် ပိုင်ရှင်ဖြစ်သည်ဟု အခြေခံမူဂါဒချမှတ်ခြင်းပြုလုပ်ပြီး ထိုမှတဆင့် လက်ရှိ လယ်လုပ်သူ မူရင်းလက်ငုတ်ဖြစ်ကြသော တောင်သူလယ်သမားများသာ လယ်ယာမြေ လုပ်ပိုင်ခွင့် ရှိစေရမည် ဟူသော ဦးတည်ချက်ဖြင့် သီးစားချထားရေး ဥပဒေကို ၁၉၆၃ ခုနှစ်တွင် ပြဋ္ဌာန်းခဲ့ပါတယ်။ ဦးခွေးနှင့် ကိုရေး ပါ ၂၊ ၁၉၅၆ မြန်မာနိုင်ငံတရားစီရင်ထုံး စာမျက်နှာ ၉ တွင် ပင်မကျင့်ထုံး ဥပဒေကလည်း တောင်သူလယ်သမားများကို အတော်အသင့် ကာကွယ်ပေးထားပြီးဖြစ်ပါတယ်။ ထိုအခွင့်အရေးများ နှင့် မလုံလောက်သေးဟု ယူဆသဖြင့် တော်လှန်ရေးအစိုးရက တောင်သူ လယ်သမား အခွင့်အရေး ကာကွယ်ရေးဥပဒေကို ၁၉၆၃ ခုနှစ် တွင် ဖြည့်စွက် ပြဋ္ဌာန်းပေးခဲ့ပါတယ်။ ယင်း ဥပဒေ၌ တစ်ဖက်တွင် တောင်သူလယ်သမားများနှင့် တစ်ဖက်တွင် မြေရှင်၊ ငွေရှင်တို့ ဖြစ်ပွား ကြသော တင်ပြမှုများနှင့် အဓိကအားဖြင့် သက်ဆိုင်ပါတယ်။ ဥပဒေ၏ ရည်ရွယ်ချက် အနှစ်သာရ မှာလည်း တောင်သူ လယ်သမား အချင်းချင်း ရိုင်းပင်းကူညီ၍ စည်းလုံးကြခြင်းလည်း ပါဝင်ပါတယ်။ တောင်သူ လယ်သမားတို့၏ အကျိုးကို ရည်စူး၍ ပြဋ္ဌာန်းခဲ့သော ဥပဒေဖြစ်၍ လွန်ခဲ့သော နှစ်ပေါင်း များစွာကပင် တောင်သူလယ်သမား အကျိုးကို ထိုဥပဒေများက ကာကွယ် စောင့်ရှောက်ပေးခဲ့သဖြင့် တောင်သူလယ်သမားများစွာ စိတ်ချမ်းမြေ့ခဲ့ရပြီး ဥပဒေ၏ အကာအကွယ်ဖြင့် တောင်သူလယ်သမား များ လူမှုဘဝလုံခြုံမှု ရှိသည်ဟု ကျေနပ်ခံစားမိခဲ့ကြပါသည်။ သို့သော် လွန်ခဲ့သောနှစ်အနည်းငယ်က နာဂစ်မုန်တိုင်း ဝင်ရောက်သဖြင့် ပျက်စီးသွားသော စီးပွားရေးနှင့် ရာသီဥတု ဖောက်ပြန်မှုကြောင့် သီးနှံမဖြစ်ထွန်းခဲ့ရသည့် ဆင်းရဲမွဲတေမှုဒဏ်ကို တောင်သူလယ်သမားများ ခါးစည်းခံခဲ့ရပါသည်။ ထို့ပြင် တောင်သူတို့၏ လယ်ယာမြေများကို လျော်ကြေးငွေ အနည်းငယ်ဖြင့် ဖွတ်သိမ်းယူခြင်း၊ အတင်းအကြပ် လက်မှတ်ထိုးခိုင်းပြီး အရင်းရှင်များ၏ စက်ရုံတည်ဆောက်ရန် သိမ်းယူခြင်း၊ ၎င်းတို့၏ လယ်ယာမြေစီမံကိန်းကြီးများ အကောင်အထည် ဖော်ရန်၊ လယ်ယာစီးပွားဘက်စုံ သီးနှံ နှစ်ရှည်ပင် စီမံကိန်းများ အကောင်အထည်ဖော်ရန် သိမ်းယူခြင်း စသည်တို့ကြောင့် တောင်သူလယ်သမားများ လယ်မဲ့၊ ယာမဲ့ ဆောက်တည်ရာ မရဖြစ်နေကြသည်ကို တွေ့မြင်ကြားသိနေရသဖြင့် စိတ်ချမ်းမြေ့ မှုမရှိပါ။ ကိုယ်တိုင် ခံစားနေရသူ တောင်သူ လယ်သမားများအတွက်မူ ဆိုဖွယ်ရာမရှိပါ။

ယခုအခါ ဖွဲ့စည်းပုံအခြေခံဥပဒေနှင့်အညီ လွှတ်တော်အသီးသီးနှင့် ပြည်သူတို့ ရွေးချယ်ခဲ့ကြသော ပြည်သူ့ကိုယ်စားလှယ်၊ ကိုယ်စား ပြောကြားပေးမည့် လွှတ်တော်ကိုယ်စားလှယ်များလည်း ရှိနေပါသည်။ ပြည်သူ့ဆန္ဒနှင့်အညီ ရွေးကောက်တင်မြှောက်သော ပြည်သူကိုအကာအကွယ်ပေးမည့် အစိုးရ တစ်ရပ်လည်း ပေါ်ပေါက်လာပြီ ဖြစ်ပါသည်။ ပြည်သူများက ပြည်သူတို့တင်မြှောက်သော အစိုးရအပေါ် ယုံကြည်ကိုးစား အားထားလျက်ရှိနေပါသည်။ ထို့ကြောင့် အောက်ပါ မေးခွန်းကို ဝန်ကြီးမှ တဆင့် ဖြေကြားပေးစေလိုပါသည်ခင်ဗျား။

အထက်တွင် တင်ပြခဲ့သည့်အတိုင်း တောင်သူလယ်သမားများ၏ နစ်နာဆုံးရှုံးမှု ဖြစ်စဉ်များကို ဝန်ကြီး အနေဖြင့် သိရှိပြီးဖြစ်ပါသည်။ ထိုကဲ့သို့ တောင်သူလယ်သမားများ၏ နစ်နာဆုံးရှုံးမှု ဖြစ်ရပ်ဖြစ်စဉ်များကို ၁၉၆၃ ခုနှစ် ၊ တောင်သူလယ်သမားအခွင့်အရေး ကာကွယ်သည့်ဥပဒေ ၊ ၁၉၆၃ ခုနှစ်၊ သီးစား ချထားရေးဥပဒေ၊အခြားသက်ဆိုင်သောလုပ်ထုံးလုပ်နည်း၊ ထုတ်ပြန်ထားပြီးသော ညွှန်ကြားချက်၊ အမိန့်စသည်တို့နှင့်အညီ ကိုင်တွယ်ဖြေရှင်း ပေးရန် အစီအစဉ် ရှိ၊ မရှိသိလိုပါတယ် ခင်ဗျား။ ကျေးဇူးတင်ပါတယ်။

**ဖြေကြားချက်**

**အချိန်၊ ၁၀ း ၂၁။**

**ဦးဌေးဦး ( ဝန်ကြီး၊ လယ်ယာစိုက်ပျိုးရေးနှင့်ဆည်မြောင်းဝန်ကြီးဌာန)။** ။လေးစားအပ်ပါသော ဥက္ကဋ္ဌကြီးခင်ဗျား။ ကျွန်တော်ကတော့ လယ်ယာစိုက်ပျိုးရေးနှင့်ဆည်မြောင်းဝန်ကြီးဌာန၊ ဝန်ကြီး တာဝန်ယူထားတဲ့ ဦးဌေးဦး ဖြစ်ပါတယ်။ ရန်ကုန်တိုင်းဒေသကြီး၊ ပုဇွန်တောင် မဲဆန္ဒနယ်မှ ပြည်သူ့ လွှတ်တော်ကိုယ်စားလှယ် ဦးအောင်ဇင်က တောင်သူ လယ်သမားများ၏ နစ်နာဆုံးရှုံးမှု ဖြစ်စဉ် များကို ၁၉၆၃ ခုနှစ်၊ တောင်သူလယ်သမား အခွင့်အရေးကာကွယ်သည့်ဥပဒေ ၊ ၁၉၆၃ ခုနှစ်၊ သီးစား ချထားရေးဥပဒေ၊ အခြားသက်ဆိုင်သော ဥပဒေ၊ လုပ်ထုံးလုပ်နည်း၊ ထုတ်ပြန်ထားပြီးဖြစ်သော ညွှန်ကြားချက်၊ အမိန့်စသည်တို့နှင့်အညီ ကိုင်တွယ်ဖြေရှင်းပေးရန် အစီအစဉ် ရှိ၊ မရှိသိလိုပါကြောင်း မေးမြန်းထားခြင်းနှင့် ပတ်သက်ပြီး ဝန်ကြီးအနေနဲ့ ရှင်းလင်းဖြေကြားမှာ ဖြစ်ပါတယ်။

လယ်ယာစိုက်ပျိုးရေးနှင့် ဆည်မြောင်းဝန်ကြီးဌာနဟာ တောင်သူလယ်သမားများရဲ့ အခွင့်အရေးကို အစဉ်တစိုက် ကာကွယ်စောင့်ရှောက် ပေးလျက်ရှိပြီး တောင်သူလယ်သမားများရဲ့ အကျိုးစီးပွား တိုးတက်ရေးကို အစဉ်တစိုက်ရှေးရှု ဆောင်ရွက်လျက် ရှိပါတယ်။ ဒီလိုဆောင်ရွက် ရာမှာလည်း ထုတ်ပြန်ထားပြီးဖြစ်တဲ့ တည်ဆဲ ဥပဒေများ၊ လုပ်ထုံး လုပ်နည်းများ၊ အမိန့်ညွှန်ကြားချက် များနှင့်အညီ လိုက်နာပြီး ဆောင်ရွက်ခြင်းဖြစ်ပါတယ်။

၁၉၅၃ ခုနှစ်၊ လယ်ယာမြေ နိုင်ငံပိုင်ပြုလုပ်ရေး အက်ဥပဒေ ပုဒ်မ ၃၈(၁)မှာ နိုင်ငံတော်သမ္မတသည် ဒေသတစ်ခုခုတွင် သီးနှံအမျိုးအစား တစ်ခုခုကို စိုက်ပျိုးခြင်းဖြင့်သော်လည်းကောင်း၊ နိုင်ငံတော်အတွက်ဖြစ်စေ၊ တောင်သူလယ်သမားများအတွက်ဖြစ်စေ၊ အကျိုးဖြစ်ထွန်းစေမည်ဟု ထင်မြင်ယူဆလျှင် အဆိုပါ သီးနှံအမျိုးအစားကို စိုက်ပျိုးစေရန်သော်လည်းကောင်း၊ အဆိုပါနည်းလမ်းအတိုင်း လယ်ယာမြေကို အသုံးချရန်သော်လည်းကောင်း၊ သင့်လျော်မည့် ထင်မြင်သည့် အတိုင်း ဆောင်ရွက် နိုင်သည် သို့တည်းမဟုတ် ဆောင်ရွက်စေနိုင်သည် ဟူ၍လည်းကောင်း ၊ ယင်းအက် ဥပဒေ ပုဒ်မ ၃၉ မှာ ဤ အက်ဥပဒေပါ အခြားပြဋ္ဌာန်းချက်များတွင် မည်သို့ပင် ပါရှိစေကာမူ၊ နိုင်ငံတော်သမ္မတသည် သို့တည်းမဟုတ် ဤကိစ္စအလို့ငှာ နိုင်ငံတော်သမ္မတက ခန့်အပ်သောအာဏာပိုင်သည် လိုအပ်သည်ဟု ထင်မြင်ယူဆလျှင်မည်သည့်လယ်ယာမြေကိုမဆို မိမိသတ်မှတ်သည့် နည်းလမ်းအတိုင်း အသုံးချရန် ဆင့်ဆိုနိုင်သည် ဟူ၍လည်းကောင်း ဖော်ပြထား ပါသည်။

၁၉၆၃ ခုနှစ်၊ ပြည်ထောင်စုမြန်မာနိုင်ငံ တော်လှန်ရေးကောင်စီ ဥပဒေအမှတ်(၈)ဖြင့် ၁၉၆၃ ခုနှစ်၊ သီးစားချထားရေး ဥပဒေကို ပြဋ္ဌာန်းခဲ့ပါတယ် ။ ယင်းဥပဒေရဲ့ ရည်ရွယ်ချက်မှာ ပြည်ထောင်စုမြန်မာနိုင်ငံအတွင်း သီးစားခံယူ လုပ်ကိုင်ရသည့် လယ်ယာမြေမှန်သမျှကို သက်ဆိုင်ရာ မြေရှင်များက သီးစားချထားခြင်းမပြုစေပဲ၊ တော်လှန်ရေးအစိုးရသာလျှင်ဦးစီးကွပ်ကဲ၍ သီးစားချထားရန် ဖြစ်သည်ဟု ဖော်ပြပါရှိပါတယ်။ ဒီဥပဒေအရ တောင်သူလယ်သမားများအနေနဲ့ အောက်ပါ အခွင့်အရေးများ ရရှိမှာဖြစ်ပါတယ်-

(က) မြေလုပ်သူသာ မြေလုပ်ပိုင်ခွင့်ရှိသည်။

(ခ ) မိသားစု အတူတကွ လုပ်ကိုင်ပါက ဆက်ခံခွင့်ရှိသည်။

(ဂ ) သီးစားခကို မည်သူ့ကိုမှ ပေးရန်မလိုပါ။

(ဃ) မြေယာ စည်းကမ်း မပျက်သရွေ့ ကာလပတ်လုံး လုပ်ပိုင်ခွင့်ရှိသည်။ ဆိုတဲ့ အချက်တွေဖြစ်ပါတယ်။ ဒီ ဥပဒေအရ လယ်ယာမြေလုပ်ကိုင်မှု၊ အငြင်းပွားမှုဆိုင်ရာများ ဖြေရှင်းဆောင်ရွက်နိုင်ရန် အတွက် ၁၉၆၃ ခုနှစ်၊ သီးစားချထားရေး နည်းဥပဒေကို ပြဋ္ဌာန်း ဆောင်ရွက်ခဲ့ပါတယ်။ ဒါ့အပြင် ၁၉၆၃ ခုနှစ်၊ ပြည်ထောင်စု မြန်မာနိုင်ငံတော်လှန်ရေးကောင်စီ ဥပဒေအမှတ် ၉၁ ဖြင့် ပြဋ္ဌာန်းခဲ့တဲ့ ၁၉၆၃ ခုနှစ်၊ တောင်သူလယ်သမား အခွင့်အရေးကာကွယ်သည့် ဥပဒေပုဒ်မ ၃ (၁)မှာ တည်ဆဲ တရားဥပဒေ တစ်ရပ်တွင် မည်သို့ပါရှိစေကာမူ တရားမရုံး တစ်ခုခု၏ ဒီကရီသို့တည်းမဟုတ် အမိန့်ဖြင့် -

(က) လယ်ယာမြေကိုသော်လည်းကောင်း၊လယ်ယာမြေလုပ်ကိုင်ရာ၌ အသုံးပြုသည့် ကျွဲ၊ နွား

နှင့် ကိရိယာ တန်ဆာပလာ၊ ထွန်စက်နှင့်ကိရိယာ တန်ဆာပလာ၊ အခြား သက်ရှိသက်မဲ့ ကိရိယာ တန်ဆာပလာ များကို သော်လည်းကောင်း ၊ လယ်ယာမြေမှ ထွက်သော ပစ္စည်းများကိုသော်လည်းကောင်း ၊ ဝရမ်းကပ်ခြင်း၊ သိမ်းဆည်းခြင်း မပြုရ ။

(ခ ) လယ်ယာမြေကို မလုပ်ကိုင်ရဟုသော်လည်းကောင်း၊ လယ်ယာမြေထဲသို့ မဝင်ရဟု သော်လည်းကောင်း တားဆီးခြင်းမပြုရ ။

(ဂ ) လယ်ယာမြေကို လုပ်ကိုင်သည့် ကျွဲ ၊ နွား နှင့် ကိရိယာ တန်ဆာပလာ၊ ထွန်စက်နှင့် ကိရိယာ တန်ဆာပလာများကိုသော်လည်းကောင်း၊ အခြားသက်ရှိသက်မဲ့ ကိရိယာ တန်ဆာပလာများကို သော်လည်းကောင်း၊ လယ်မြေမှ ထွက်သော ပစ္စည်းများကို သော်လည်းကောင်း ၊ မရွှေ့မပြောင်းရဟု သို့တည်းမဟုတ် ရောင်းချသုံးစွဲ ထုခွဲခြင်း မပြုရ ဟု တားဆီးခြင်းမပြုရ ။

(ဃ) အပိုဒ် (က)၊ (ခ )၊ (ဂ )ပါ ကိစ္စတစ်ခုခုနှင့်စပ်လျဥ်း၍ တောင်သူလယ်သမား တစ်ဦးဦးကို ဖမ်းဆီးချုပ်နှောင်ခြင်း မပြုရဟု ပြဋ္ဌာန်းပါရှိပါတယ်။

လက်ရှိ အခြေအနေမှာလည်းပဲ ဒီဥပဒေများအတိုင်း လိုက်နာကျင့်သုံးလျက်ရှိပါတယ်။ တောင်သူများ လုပ်ကိုင်နေတဲ့ လယ်မြေများကို သာမန်အားဖြင့် သိမ်းယူမှုများမရှိပါလို့ဘဲ ဖြေကြားလိုပါတယ်။ ဒါပေမဲ့ နိုင်ငံတော်အကျိုးငှာ ဆောင်ရွက်နေရသော လုပ်ငန်းများ၊ စီမံကိန်းများ ပေါ်ပေါက် လာလို့ရှိရင် အနည်းဆုံးလိုအပ်သော မြေဧရိယာကိုသာ ရယူစေပြီး၊ ဒီ ဧရိယာနှင့် မလွတ်ကင်းတဲ့ လယ်ယာမြေများ ပါရှိလာမယ်ဆိုရင်လည်း ၁၉၅၃ ခုနှစ်၊ လယ်ယာမြေနိုင်ငံပိုင် ပြုလုပ်ရေး အက်ဥပဒေ ပုဒ်မ (၃၉)အရ အခြားနည်းအသုံးပြုရန် ကိစ္စနှင့်စပ်လျဥ်း၍ ၁၉၈၈ ခုနှစ်၊ စကားရပ်များ အစားထိုးခြင်း ဥပဒေနှင့်အညီ သက်ဆိုင်ရာ ဒေသအာဏာပိုင် အဖွဲ့အစည်းများရဲ့ အစီအစဥ်ဖြင့် သိမ်းယူခဲ့ရတဲ့ ဖြစ်စဥ်တွေလည်းရှိခဲ့ပါတယ်။

အခုလို ဆောင်ရွက်ရာမှာလည်း လယ်ယာစိုက်ပျိုးရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန အနေနဲ့ အာဏာပိုင် အဖွဲ့အစည်းတွေက စိစစ်တင်ပြတဲ့မြေကို လုပ်ငန်းများအောင်မြင်စွာအကောင်အထည် ဖော်နိုင်ရန်အတွက် လိုအပ်တဲ့မြေအကျယ်အဝန်းကိုသာ မြေစာရင်းပုံစံ ၁၀၅ ရေးကူးခွင့်ပြုပြီး မူလ လက်ငုတ်လုပ်ကိုင်ခွင့်ရ တောင်သူလယ်သမားများ ပါရှိပါက နစ်နာမှု မရှိစေရေးအတွက် သင့်လျော်တဲ့ ထောက်ပံ့မှုများရရှိစေဖို့ အာဏာပိုင် အဖွဲ့အစည်းများရဲ့ ကြီးကြပ်မှုဖြင့် ညှိနှိုင်းဆောင်ရွက်ပေးလျက် ရှိပါတယ်။

အချို့သော လယ်များသည် လိုအပ်ချက်အရ မြို့ပြစီမံကိန်းများ အကောင်အထည်ဖော်ရန် အတွက် ထိုက်သင့်သော ထောက်ပံ့ကြေးများပေးပြီး သက်ဆိုင်ရာဌာနတွေက သိမ်းယူထားပြီး ဖြစ်ပါတယ်။ သို့သော်လည်းပဲ လုပ်ငန်းအကောင်အထည်ဖော်ရန် နှောင့်နှေးနေတဲ့ နေရာတွေလည်းပဲ

ပါရှိတာ ဖြစ်ပါတယ်။ စီမံကိန်းဆောင်ရွက်ခြင်း မပြုတဲ့အချိန်မှာ မြေလွတ်အတိုင်း အလဟဿ ထားမယ့်အစား အောင်မြင်ဖြစ်ထွန်းတဲ့ သီးနှံတွေစိုက်ပျိုးစေခြင်းဖြင့် နိုင်ငံတော်နှင့် ပြည်သူများ အတွက် ထိုက်သင့်တဲ့ အကျိုးကျေးဇူးတွေ ရရှိနိုင်သည့်အတွက် ယာယီအားဖြင့် စိုက်ပျိုးခွင့်ရှိသည် များလည်း ရှိပါတယ်။ အချို့သော မြေတွေကို စိုက်ပျိုးထုတ်လုပ်မှု ပိုမိုတိုးတက်စေဖို့အတွက် လုပ်ငန်းရှင် တွေကို ချထားပေးတာတွေလည်း ရှိပါတယ်။ ဒီလိုဆောင်ရွက်တဲ့နေရာမှာ တာဝန်ပေးခြင်း ခံရသော လုပ်ငန်းရှင်တွေ အနေနှင့်ယာယီစိုက်ပျိုးလျက်ရှိတဲ့ တောင်သူများရှိမယ်ဆိုရင် တောင်သူ တွေနဲ့ ညှိနှိုင်း၍ အဆင်ပြေစွာ ဆောင်ရွက်နိုင်ရေးအတွက် အာဏာပိုင်အဖွဲ့အစည်းတွေက ကြပ်မတ် ဆောင်ရွက်ပေးလျက်ရှိပါတယ်။ အလားတူ ဖြစ်စဉ်တွေအပေါ် နယ်မြေဒေသ အသီးသီးအလိုက် သက်ဆိုင်ရာ ဒေသအာဏာပိုင်များက ထုတ်ပြန်ထားတဲ့ ဥပဒေ၊ လုပ်ထုံးလုပ်နည်း၊ ညွှန်ကြားချက် တွေနဲ့အညီ တောင်သူများ နစ်နာဆုံးရှုံးမှု မရှိစေရန် ဆောင်ရွက်နိုင်ရေးအတွက် ဝန်ကြီးဌာနအနေဖြင့် ပေါင်းစပ်ညှိနှိုင်း ဆောင်ရွက်လျက် ရှိပါကြောင်း ရှင်းလင်းဖြေကြားအပ်ပါတယ်။ အားလုံးကို ကျေးဇူးတင် ပါတယ်။ (သြဘာသံများ)

**လယ်ယာမြေပိုင်ဆိုင်ခွင့် နှင့်စပ်လျဉ်းသည့် မေးခွန်း**

**ဥက္ကဋ္ဌ**။ ။ယခု သီပေါမဲဆန္ဒနယ်မှ ပြည်သူ့လွှတ်တော် ကိုယ်စားလှယ် ဦးရဲထွန်း(ခ) ဦးမင်းထွန်း က လယ်ယာမြေပိုင်ဆိုင်ခွင့် နဲ့ စပ်လျဉ်းတဲ့ မေးခွန်းမေးမြန်းဖို့ဖြစ်ပါတယ်။

**အချိန်၊ ၁၀ း၃၀။**

**ဦးရဲထွန်း(ခ)ဦးမင်းထွန်း (သီပေါမဲဆန္ဒနယ်)**။ ။လေးစားအပ်ပါသော ပြည်သူ့လွှတ်တော် ဥက္ကဋ္ဌကြီးနှင့် ပြည်သူ့လွှတ်တော် ကိုယ်စားလှယ်ကြီးများ ခင်ဗျား။ ကိုယ်စိတ်နှစ်ဖြာ ကျန်းမာချမ်းသာ ကြလျက် မင်္ဂလာအပေါင်းနဲ့ ခညောင်းတဲ့ နေ့တစ်နေ့ဖြစ်ပါစေလို့ ဆုမွန်ကောင်း တောင်းလိုက် ပါတယ်။ ကျွန်တော်ကတော့ သီပေါမြို့နယ်က ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ဦးရဲထွန်း(ခ) ဦးမင်းထွန်း ဖြစ်ပါတယ်။ ကျွန်တော်မေးလိုတဲ့ မေးခွန်းကတော့ အောက်ပါအတိုင်း ဖြစ်ပါတယ်။

အချို့သော ကုမ္ပဏီကြီးများက တောင်သူလယ်သမားများ၏ လယ်ယာမြေများကို သိမ်းယူပြီး လျော်ကြေး အသင့်အတင့်သာပေး၍ ကုမ္ပဏီပိုင် လုပ်ငန်းများ ထူထောင်သည့် ဖြစ်စဉ်များတွင် တောင်သူလယ်သမားများမှာ များစွာမကျေမနပ် ဖြစ်နေကြကြောင်းကို ကြားသိနေရပါသည်။ ပြည်ထောင်စု မြန်မာနိုင်ငံတော်သည် လယ်ယာစိုက်ပျိုးရေး နိုင်ငံတစ်နိုင်ငံ ဖြစ်သည်နှင့်အညီ ထိုလယ်သမားကိစ္စများကို ပြေလည်အောင် ကောင်းမွန်စွာဖြေရှင်းပေးနိုင်မှ တောင်သူလယ်သမား များ၏ အကျိုးစီးပွားကို ဖော်ဆောင်နိုင်မည်ဟု ယုံကြည်ပါသည်။ ထိုသို့သော မကျေမနပ် ဖြစ်ပွားရခြင်း များအပြင် တောင်သူလယ်သမားများ စိုက်ပျိုးရေး လုပ်ငန်းများ လုပ်ကိုင်ကြရာတွင်

ပြင်ပမှ အတိုးကြီးကြီးဖြင့် ငွေချေးယူ သုံးစွဲနေကြရခြင်းမှာ လယ်လုပ်သူတိုင်း လယ်လုပ်ပိုင်ခွင့်သာရှိပြီး၊ လယ်လုပ်သူတိုင်း လယ်ပိုင်ခွင့်(တနည်းအားဖြင့် မိမိပိုင်လယ်ယာမြေကို ပေါင်နှံလွှဲပြောင်းရောင်းချခွင့်) မရှိသော ဥပဒေကြောင့် ဖြစ်ပါသည်။

အထက်ဖော်ပြပါ ကိစ္စရပ်များ မပေါ်ပေါက်စေရန် အနာဂတ်ကာလ အစိုးရက ဥပဒေ ပြဋ္ဌာန်း၍ လယ်သမားများ၏ လယ်ယာမြေ ပိုင်ဆိုင်ခွင့်ကို အာမခံချက်ပေးရန် အစီအစဉ်ရှိ၊ မရှိ သိလိုပါသည်။

ဥက္ကဋ္ဌကြီးခင်ဗျား။ ကျွန်တော့်မေးခွန်းကို ပိုမိုရှင်းရှင်းလင်းလင်း ဖြစ်စေရန် ဒီနေရာမှာ အနည်းငယ် ဖြည့်စွက် ပြောကြားခွင့်ပြုစေလိုပါတယ်။ ကျွန်တော်တို့နိုင်ငံရဲ့ လယ်သမားအများစုဟာ သူတို့ ပိုင်ဆိုင်တဲ့ အဖိုးတန်ပစ္စည်းဆိုလို့ လယ်ယာမြေကလွဲရင် တခြားဘာမျှမရှိပါ။ ရှေးယခင်ခေတ်များကဆိုလျှင် စိုက်ပျိုးစရိတ်၊ စားစရိတ်များရရှိရန် အတိုးအရင်းများ တစ်ထပ်တိုး၊ နှစ်ထပ်တိုးများနှင့် မတရားငွေညှစ်ယူတဲ့ ချစ်တီးကုလား ငွေရှင်ကြေးရှင်များထံ မိမိပိုင်လယ်ယာမြေကို ပေါင်နှံရပါတယ်။ ဒီလို အတိုးကြီးစားစနစ်ကြောင့် လယ်တွေ ယာတွေ ဆုံးရှုံးခဲ့ကြရပြီး လယ်မဲ့ ၊ ယာမဲ့များ ဘဝရောက်ကြရပါတယ်။ ယခုခေတ်မှာတော့ အစိုးရကချေးပေးတဲ့ စိုက်ပျိုးစရိတ်မှာ မလုံလောက်တာကြောင့် တစ်နှစ်ကို ၆၀% အတိုးလောက်ရှိတဲ့ အတိုးကြီးကြီးနဲ့ ပြင်ပကချေးငှားလုပ်ကိုင် နေကြရပါတယ်။ ဒီအတိုးနှုန်းဟာ တစ်လ ၅/-ကျပ် အတိုးနှုန်း ရှိတာမို့ သူတို့အတွက် အသက်သာဆုံးနှုန်းထားလို့ ပြောနိုင်ပြီး များသောအားဖြင့်ကတော့ ဒီနှုန်းထက် ပိုမိုများပြားနေတာ တွေ့ရပါတယ်။ ဒီလိုနဲ့ သူတို့တစ်နှစ်လုပ်တဲ့ အမြတ်ဟာ သိပ်ပြီးတော့ ခံစားရတယ်လို့ မရှိပါဘူး။ အစိုးရဘဏ်၊ ပုဂ္ဂလိက ဘဏ်ကြီးတွေထံမှာ အတိုးနှုန်းသက်သက်သာသာနှင့် မိမိလိုသမျှငွေကို ချေးငှားသုံးစွဲလိုပေမယ့် ဘဏ်တွေရဲ့ထုံးစံအတိုင်း အပေါင်ခံပစ္စည်းမရှိလျှင် ငွေမချေးနိုင်တာကြောင့် ဘာမှ မတတ်နိုင်ပါဘူး။ ဥပဒေအရလဲ မြေယာကို ပေါင်နှံခွင့်မရှိပါဘူး။ ဒါကြောင့် အနာဂတ်အစိုးရက လယ်သမားများ ပိုင်ဆိုင်တဲ့ လယ်ယာမြေများကို ဂရန်ကဲ့သို့သော ပိုင်ဆိုင်မှု အထောက်အထားများ ထုတ်ပေးပြီး ၊ ပုဂ္ဂလိက ဘဏ်ကြီးများကလည်း လယ်ယာမြေကို အပေါင်ခံကာ စိုက်ပျိုးရေးမှာ အတိုးနှုန်း သက်သက်သာသာနဲ့ လယ်သမားတွေလိုတဲ့ ငွေကို ပြည့်ပြည့်ဝဝချေးငှား စိုက်ထုတ်ပေးမယ်ဆိုရင်လယ်ယာစိုက်ပျိုးရေးလောကကြီးဟာ ဒီထက်ပိုပြီး ကောင်းကျိုးချမ်းသာများ ရရှိလာလိမ့်မယ်လို့ မျှော်လင့်မိပါတယ်။ ဒီလိုသာ အကျိုးရှိမယ်ဆိုရင် တောင်သူလယ်သမား အများစုဟာ မိမိပိုင်လယ်ယာမြေကို ရောင်းချစရာမလိုဘဲ လယ်ယာစိုက်ပျိုးရေးကို တစိုက်မတ်မတ် လုပ်သွားမှာ အသေအချာဖြစ်ပါတယ်။ အတိုးကြီးစားစနစ်ကို ရှောင်လွှဲနိုင်တဲ့အတွက် လယ်ယာမြေများ မတရားအသိမ်းခံရခြင်း ဒုက္ခမှလဲ ကင်းဝေးမှာ အမှန်ဖြစ်ပါတယ်။ ဒါ့အပြင် မိမိပိုင် လယ်ယာမြေကို လုပ်ကိုင်မစားလောက်တာကြောင့် ကာလပေါက်ဈေးနဲ့ ရောင်းချပြီး အခြားသော အလုပ်အကိုင်များကို ပြောင်းရွှေ့လုပ်ကိုင်ချင်တယ်ဆိုရင်လဲ တရားဝင်ပေါက်ဈေးနဲ့ မိမိ ကြိုက်နှစ်သက်သလို ရောင်းချခွင့်

ရှိတယ်ဆိုရင် အဲဒီဥပဒေဟာ ပုဂ္ဂလိကပိုင်ဆိုင်ခွင့်ကို အလေးထားတဲ့ ဒီမိုကရေစီနိုင်ငံတော်ကြီး တစ်ရပ်ရဲ့ ဂုဏ်နဲ့ ဒြပ်နဲ့ ကိုက်ညီတဲ့ ဥပဒေတစ်ရပ် ဖြစ်လာလိမ့်မယ်လို့ ယူဆမိတဲ့အတွက် ဒီလို ဥပဒေမျိုးကို အနာဂတ်ကာလအစိုးရက ပြဋ္ဌာန်းပေးရန် ရှိ၊ မရှိ သိလိုပါတယ်ခင်ဗျား။ ကျေးဇူး တင်ပါတယ်။

## ဖြေကြားချက်

**ဦးဌေးဦး (ဝန်ကြီး၊ လယ်ယာစိုက်ပျိုးရေးနှင့်ဆည်မြောင်းဝန်ကြီးဌာန)**။ ။လေးစားအပ်ပါသော ဥက္ကဋ္ဌကြီး ခင်ဗျား။ ရှမ်းပြည်နယ်၊ သီပေါမဲဆန္ဒနယ်မှ ပြည်သူ့လွှတ်တော် ကိုယ်စားလှယ် ဦးရဲထွန်း(ခ) ဦးမင်းထွန်းက အချို့သော ကုမ္ပဏီကြီးများက တောင်သူလယ်သမားတွေရဲ့ လယ်ယာမြေများကို သိမ်းယူပြီး လျော်ကြေးအသင့်အတင့်သာ ပေးတဲ့အတွက် ဒီဖြစ်စဉ်တွေအပေါ် တောင်သူ လယ်သမား တွေကများစွာ မကျေမနပ် ဖြစ်နေကြကြောင်း ကြားသိရပါတယ်။ ဒီလို မကျေမနပ်ဖြစ်ပွား ရသည့် အပြင် တောင်သူလယ်သမားများ စိုက်ပျိုးရေးလုပ်ကိုင်တဲ့နေရာမှာ ပြင်ပမှ ငွေချေးယူသုံးစွဲရခြင်း၊ ကုမ္ပဏီပိုင် လုပ်ငန်းများထူထောင်သည့်ဖြစ်စဉ်များတွင် တောင်သူလယ်သမားများမှာ များစွာ မကျေမနပ် ဖြစ်နေကြသည်ကို ကြားသိနေရပါကြောင်း၊ ထိုကဲ့သို့သော မကျေမနပ် ဖြစ်ပွားရခြင်းများ အပြင် တောင်သူလယ်သမားများ စိုက်ပျိုးရေးလုပ်ငန်းများ လုပ်ကိုင်ကြရာတွင် ပြင်ပမှ အတိုးကြီးကြီးဖြင့် ငွေချေးယူ သုံးစွဲနေရခြင်းမှာ လယ်လုပ်သူတိုင်း လယ်လုပ်ပိုင်ခွင့်သာ ရှိပြီး၊ လယ်လုပ်သူတိုင်း လယ်ပိုင်ခွင့် (တစ်နည်းအားဖြင့် မိမိပိုင်လယ်ယာမြေကို ပေါင်နှံလွှဲပြောင်း ရောင်းချခွင့်)မရှိတဲ့ ဥပဒေကြောင့် ဖြစ်ပါကြောင်း၊ အထက်ဖော်ပြပါ ကိစ္စရပ်တွေ မပေါ်ပေါက် စေဖို့အတွက် အနာဂတ် ကာလ အစိုးရက ဥပဒေ ပြဋ္ဌာန်း၍ လယ်သမားများ၏ လယ်ယာမြေ ပိုင်ဆိုင်ခွင့်ကို အာမခံချက်ပေးရန် အစီအစဉ် ရှိ မရှိ သိလိုပါကြောင်း မေးမြန်းထားပါတယ်။

ဦးရဲထွန်းရဲ့ မေးခွန်းမှာ ပထမအချက်အနေဖြင့် တောင်သူလယ်သမားတွေရဲ့ လယ်ယာ မြေတွေကို သိမ်းယူပြီး လျော်ကြေးအသင့်အတင့်သာပေးတဲ့အတွက် ဒီလို ကုမ္ပဏီပိုင် လုပ်ငန်းတွေ ထူထောင်သည့်ဖြစ်စဉ်တွေမှာ တောင်သူလယ်သမားတွေကများစွာ မကျေမနပ် ဖြစ်နေ ကြကြောင်း ဖော်ပြမေးမြန်းထားတာတွေ့ရပါတယ်။ ဒီမေးခွန်းနှင့်ပတ်သက်လို့ ဖြေကြားရရင် အခုနက ကျွန်တော် ဖြေကြားတဲ့ အထဲမှာ တစ်ချို့တစ်ဝက်ပါပြီးဖြစ်ပါတယ်။ ၁၉၅၃ ခုနှစ်၊ လယ်ယာမြေ နိုင်ငံပိုင် ပြုလုပ်ရေး အက်ဥပဒေ ပုဒ်မ ၃၈ (၁)မှာ နိုင်ငံတော်သမ္မတဟာ ဒေသတစ်ခုခုတွင် သီးနှံအမျိုးအစား တစ်ခုခုကို စိုက်ပျိုးထုတ်လုပ်ခြင်းဖြင့် သော်လည်းကောင်း၊ နိုင်ငံတော်အတွက်ဖြစ်စေ၊ တောင်သူ လယ်သမားများအတွက်ဖြစ်စေ၊ အကျိုးဖြစ်ထွန်းစေမယ်လို့ ထင်မြင်ယူဆလျင်၊ အဆိုပါ သီးနှံ

အမျိုးအစားကို စိုက်ပျိုးစေရန်သော်လည်းကောင်း၊ အဆိုပါ နည်းလမ်းအတိုင်း လယ်ယာမြေကို အသုံးချစေရန်သော်လည်းကောင်း၊ သင့်လျော်သည့် ထင်မြင်ချက်အတိုင်း ဆောင်ရွက်နိုင်သည်။ သို့ တည်းမဟုတ် ဆောင်ရွက်စေနိုင်သည်ဟူ၍ လည်းကောင်း၊ ယင်းဥပဒေပုဒ်မ ၃၉ မှာ ဤ အက်ဥပဒေပါ အခြားပြဋ္ဌာန်းချက်များတွင် မည်သို့ပင်ပါရှိစေကာမူ နိုင်ငံတော်သမ္မတသည် သို့တည်းမဟုတ် ဤကိစ္စအလို့ငှါ နိုင်ငံတော်သမ္မတက ခန့်အပ်သောအာဏာပိုင်သည် လိုအပ်သည်ဟု ထင်မြင်ယူဆလျှင် မည်သည့်လယ်ယာမြေကိုမဆို မိမိသတ်မှတ်သည့်နည်းလမ်းအတိုင်း အသုံးချရန် ဆင့်ဆိုနိုင်သည်ဟု ဖော်ပြထားတာဖြစ်ပါတယ်။ ဒီဥပဒေပါ ပြဋ္ဌာန်းချက်များအတိုင်း နိုင်ငံတော်နှင့် အများပြည်သူအကျိုးအတွက် အမှန်တကယ် လိုအပ်လာမယ်ဆိုရင် လယ်ယာမြေတွေကို သိမ်းယူမှုများရှိနိုင်ပါတယ်။ သာမန်အားဖြင့် တောင်သူတွေလုပ်ကိုင်နေတဲ့ လယ်မြေတွေကို ရှောင်လွှဲပြီးမရတဲ့ အခြေအနေတွေမှအပ သိမ်းယူမှုများမရှိဘူးလို့ဘဲ ကျွန်တော်ပြောကြားလိုပါတယ်။ ၁၉၅၃ ခုနှစ်၊ လယ်ယာမြေ နိုင်ငံပိုင်ပြုလုပ်ရေး အက်ဥပဒေ ပုဒ်မ ၃၉ အရ အခြားနည်း အသုံးပြုရန်ကိစ္စနှင့် စပ်လျဉ်းပြီး ၁၉၈၈ ခုနှစ်၊ စကားရပ်များအစားထိုးခြင်း ဥပဒေနှင့်အညီ နိုင်ငံတော် အကျိုးအတွက် ဆောင်ရွက်ရတဲ့ လုပ်ငန်းတွေ၊ စီမံကိန်းတွေ ပေါ်ပေါက်လာမယ်ဆိုရင် သက်ဆိုင်ရာ အာဏာပိုင်အဖွဲ့အစည်း အဆင့်ဆင့်က အနည်းဆုံးလိုအပ်တဲ့ မြေဧရိယာကိုသာ သိမ်းယူခြင်းနှင့် ထိုက်သင့်တဲ့ ထောက်ပံ့မှုများပေးနိုင်ရေးအတွက် ကြိုးကြပ်ဆောင်ရွက် ပေးလျက် ရှိပါတယ်။ ဒါ့ကြောင့် ထူးခြားသော အခြေအနေတွေရှိတယ်ဆိုရင် တိုင်းဒေသကြီး/ပြည်နယ်များမှာ ရှိတဲ့ သက်ဆိုင်ရာ အာဏာပိုင်အဖွဲ့အစည်းများနဲ့ ဆက်သွယ်ဆောင်ရွက်ဖို့ ဖြစ်ကြောင်းလည်းပဲ ကျွန်တော် တင်ပြလိုပါတယ်။ ကျွန်တော်တို့ ဝန်ကြီးဌာနအနေဖြင့်လည်း ညှိနှိုင်းဆောင်ရွက်ပေးသွားမှာ ဖြစ်ကြောင်း တင်ပြလိုပါတယ်။

နိုင်ငံတော်အနေနဲ့ တောင်သူလယ်သမားတွေရဲ့အကျိုးအတွက် အစဉ်တစိုက် ကာကွယ်ဖော်ဆောင်လျက်ရှိပါတယ်။ မြေမှန်သမျှဟာ နိုင်ငံတော်ကသာ ပိုင်ဆိုင်ပေမယ့် လယ်ယာလုပ်ငန်းကို လုပ်ကိုင်နေသူ လယ်သမားများ အခွင့်အရေးနှင့် အကျိုးကိုကာကွယ်နေတဲ့အနေဖြင့် ၁၉၆၃ ခုနှစ်၊ သီးစားချထားရေးဥပဒေကို ပြဋ္ဌာန်းခဲ့တာ ဖြစ်ပါတယ်။ ဒီဥပဒေမှာ မြေလုပ်သူဟာ မြေလုပ်ပိုင်ခွင့်ရှိသည်။ မိသားစုအတူတကွလုပ်ကိုင်ပါက ဆက်ခံခွင့်ရှိသည်။ သီးစားခကို မည်သူ့ကိုမျှပေးရန် မလိုပါ။ မြေယာစည်းကမ်းမပျက်သရွေ့ ကာလပတ်လုံး လုပ်ကိုင်ခွင့်ရှိသည်လို့ ပြဋ္ဌာန်းထားတာဖြစ်ပါတယ်။ လယ်သမားများလုပ်ကိုင်ခွင့် စည်းကမ်းမပျက်သရွေ့ လယ်မြေကို လုပ်ပိုင်ခွင့် ရှိနေမှာ ဖြစ်ပါတယ်။ ဒါ့အပြင် တောင်သူလယ်သမားအကျိုးအတွက် ပြဋ္ဌာန်းခဲ့တဲ့ ၁၉၆၃ ခုနှစ် ၊ တောင်သူ လယ်သမား အခွင့်အရေး ကာကွယ်တဲ့ ပုဒ်မ ၃ (၁)မှာ တည်ဆဲ အခြား တရားဥပဒေ တစ်ရပ်ရပ်တွင်

မည်သို့ပင် ရှိစေကာမူ လယ်မြေကို မသိမ်းဖို့၊ လယ်မြေနဲ့ ပတ်သက်တဲ့ ထွန်ယက်ရေး ကိရိယာတွေ မသိမ်းဖို့ ၊ မလုပ်ရဘူးလို့ မတားဖို့၊ လယ်ယာမြေကို လုပ်နေတဲ့ ကျွဲ၊ နွား ကိရိယာ တန်ဆာပလာကိစ္စနှင့် ပတ်သက်လို့ ဒါတွေ မသိမ်းဖို့ ၊ နောက်တစ်ခါ တောင်သူ လယ်သမား တွေကို ဘယ်လိုအကြောင်းနဲ့မှ ဖမ်းဆီး ချုပ်နှောင်ခြင်း မပြုဖို့ ဆိုပြီးတော့မှ ဒီလို ပြဋ္ဌာန်း ပါရှိတာလည်း ဖြစ်ပါတယ်။ ဒီဖော်ပြပါ ဥပဒေပြဋ္ဌာန်းချက်များအရ တောင်သူလယ်သမားများအနေနဲ့ သူတို့ စိုက်ပျိုးလုပ်ကိုင်နေတဲ့ လယ်ယာမြေတွေကို လုပ်ကိုင်ခွင့် စည်းကမ်းမပျက်သရွေ့ အစဉ်တစိုက် လုပ်ကိုင်ခွင့်ရရှိရေးအတွက် အာမခံချက်ပေးထားပြီး ဖြစ်ပါတယ်။ တကယ်လို့သာ လယ်ယာမြေကို ပေါင်နှံခွင့်၊ လွှဲပြောင်းခွင့်၊ ရောင်းချခွင့်ရှိလာမယ်ဆိုရင် အကြွေးနဲ့လည်း သိမ်းယူပိုင်ခွင့်ရှိလာမှာ ဖြစ်ပါတယ်။ ဒါကြောင့် လယ်သမားများ လုပ်ပိုင်ခွင့်ရှိတဲ့ အဖိုးတန်လယ်မြေတွေဟာ ဆုံးရှုံးလာမယ့် အခြေအနေမျိုးတွေကို ကျရောက်လာမှာ ဖြစ်ပါတယ်။ စိုက်ပျိုးရေးလုပ်ကိုင်တဲ့အချိန်မှာ ပြင်ပက အတိုးကြီးကြီးနဲ့ ငွေချေးယူ သုံးစွဲနေရတဲ့ လယ်သမားတွေကို အထောက်အကူပြုဖို့အတွက် မြန်မာ့လယ်ယာ ဖွံ့ဖြိုးရေးဘဏ်က နှစ်စဉ်ထုတ်ချေး ပေးလျက်ရှိပါ တယ်။ တောင်သူတွေ လိုအပ်ချက် ပေါ်မူတည်ပြီး နှစ်စဉ်ချေးငွေတွေ ကိုလည်းပဲ တိုးတက်ဆောင်ရွက် ပေးလျက်ရှိပါတယ်။ တချို့သော သီးနှံတွေအတွက် ကြိုတင် ဝယ်ယူငွေတွေထုတ်ပေးပြီး စိုက်စရိတ် အတွက် အသုံးပြုနိုင်အောင်လည်း ဆောင်ရွက်ပေးလျက် ရှိပါတယ်။ ကျွန်တော်တို့ ဝန်ကြီးဌာနအပြင် သမဝါယမ ဝန်ကြီးဌာနကလည်း စိုက်စရိတ်ချေးငွေတွေ ရရှိရေးအတွက် ပေါင်းစပ်ဆောင်ရွက်လျက် ရှိပါတယ်။ ဒါ့အပြင် သီးနှံအထူးပြု အဖွဲ့တွေကို ဖွဲ့စည်း၍ လည်းကောင်း၊ အကျိုးလိုလားသူလုပ်ငန်းရှင် တွေကို စုစည်း၍သော်လည်းကောင်း၊ စိုက်စရိတ် အတွက် အထောက်အကူပြုနိုင်ရေးအတွက်လည်း ဆောင်ရွက်နေပါတယ်။ နောင်မှာတော့ တောင်သူ လယ်သမားတွေ ကိုယ်တိုင် ထည့်ဝင်စုဆောင်းငွေ တွေနဲ့ စိုက်စရိတ်တွေကို အထောက်အကူ ပြုနိုင်ရေး အတွက်လည်း ဆောင်ရွက်ဖို့ ကြိုးပမ်းသွားကြမှာ ဖြစ်ပါတယ်။ ကျေးလက်နေ တောင်သူအများစုဟာ အခြားလိုအပ်ချက်တွေကြောင့် အတိုးကြီးကြီးနဲ့ ချေးငွေကို ပြင်ပက ရယူ သုံးစွဲနေတာတွေလည်းရှိနိုင် ပါတယ်။ လယ်ယာမြေတွေကို ပိုင်ဆိုင်မှုအနေနဲ့ အသုံးချပြီး လွှဲပြောင်း၊ ပေါင်နှံ၊ ရောင်းချခွင့်ပြုခဲ့ ခြင်းကြောင့် ငွေရှင်ကြေးရှင်၊ လူနည်းစု လက်ထဲကို လယ်ယာမြေတွေ ရောက်ရှိသွားပြီး အများစု ဖြစ်တဲ့ တောင်သူလယ်သမားတွေမှာ မြေမဲ့၊ ယာမဲ့ ဘဝတွေကို ရောက်ရှိခဲ့ဘူးတဲ့သာဓကတွေ မြန်မာပြည်မှာ ဖြစ်ပေါ်ခဲ့ပြီး ဖြစ်ပါတယ်။ ဒီလိုအဖြစ်မျိုးတွေ နောက်ထပ်ရှိမလာစေဖို့ တည်ဆဲဥပဒေ၊ နည်းဥပဒေ တွေက လယ်ယာမြေတွေကို နိုင်ငံတော်ကအမှန်တကယ် စိုက်ပျိုးလုပ်ကိုင်ကြတဲ့ တောင်သူလယ်သမား တွေကိုသာ မြေယာချထားလုပ်ပိုင်ခွင့်တွေ ပေးအပ်ထားပြီး၊ တောင်သူလယ်သမားတွေဘက်က

အကာအကွယ်ပေးထားခြင်း ဖြစ်ပါတယ်။ ဒါကြောင့် တောင်သူများအကျိုးအတွက် တည်ဆဲ မြေယာဥပဒေများအရ ဆက်လက်ကျင့်သုံး ဆောင်ရွက်ခြင်းကသာ လက်ရှိအခြေအနေမှာ အသင့်တော်ဆုံးဖြစ်ကြောင်း ပြန်ကြားအပ်ပါတယ်။ အားလုံးကို ကျေးဇူးတင်ပါတယ်။(ဩဘာသံများ)

**ဦးရဲထွန်း(ခ)ဦးမင်းထွန်း (သီပေါ မဲဆန္ဒနယ်)** ။ ။လေးစားအပ်ပါသော ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌကြီး ခင်ဗျား။ လယ်ယာစိုက်ပျိုးရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန၊ ဝန်ကြီး ဦးဌေးဦးရဲ့ ဖြေကြားချက်ကို ကျွန်တော် အနည်းငယ် ပြန်လည် မေးခွန်းထုတ်လိုပါတယ်။ ကျွန်တော်တို့ ဝန်ကြီးရဲ့ ဖြေရှင်းချက်မှာ လယ်ယာမြေများကို လွတ်လပ်စွာ ပေါင်နှံလွှဲပြောင်း ရောင်းချခွင့် ပြုလိုက်လျှင် မြေယာတွေဟာ ငွေရှင်ကြေးရှင်တွေရဲ့ လက်ထဲကို အချိန်တိုတိုအတွင်းမှာ ကျရောက်သွားလိမ့်မယ်လို့ တာဝန်ရှိ ဝန်ကြီးတစ်ယောက်အနေနဲ့ စိုးရိမ်နေတာကို တွေ့ရပါတယ်။ ကျွန်တော့်ရဲ့ အမြင်အရကတော့ ကျွန်တော်တို့ မြေယာတွေကို ငွေရှင်တွေလက်ထဲကို အပ်လိုက်ရတဲ့၊ ရောက်သွားရတဲ့ ကိစ္စအကြောင်းအရင်းဟာ ဒီလို ပေါင်နှံလွှဲပြောင်း ရောင်းချခွင့်ကြောင့် မဟုတ်ဘဲ အတိုးကြီးစားစနစ်ရှိနေတဲ့အတွက်ကြောင့်လို့ ကျွန်တော်ယူဆပါတယ်။ ရှေးယခင်ကာလက ချစ်တီးသူဌေးများ၊ မတရားငွေညှစ်ယူတဲ့ အတိုးချေးစနစ် ဒီခေတ်မှာ မရှိနိုင်တော့ပါဘူး။ သို့သော်လည်း ကျွန်တော်တို့ ဒေသမှာ လက်တွေ့အခြေအနေတွေအရ နိုင်ငံတော် အစိုးရက စိုက်ပျိုးစရိတ်များ ထုတ်ချေးရာမှာ အလွန်နည်းတဲ့အတွက်ကြောင့်၊ စိုက်ပျိုးစရိတ် မလုံလောက်တာက တစ်ကြောင်း၊ အဆင့်ဆင့် ဖြတ်တောက်ခံရတဲ့အတွက် မလုံလောက်တာက တစ်ကြောင်းတို့ကြောင့် ကျွန်တော်တို့ ဒေသမှာတော့ အစိုးရရဲ့ စိုက်ပျိုးစရိတ်ကို ထုတ်ယူသုံးစွဲလိုသူ အင်မတန်နည်းပါတယ်။ ဒါကြောင့် ကျွန်တော့်အနေနဲ့က ဒီလို မြေမဲ့ယာမဲ့ ဘဝရောက် သွားရတာ၊ မြေယာတွေ ငွေရှင်တွေရဲ့လက်ထဲကို ရောက်သွားရတဲ့ အကြောင်းအရင်းအမှန်ဟာ ဒီဥပဒေကြောင့် မြေယာကို ပေါင်နှံ၊ လွှဲပြောင်းရောင်းချခွင့် ဥပဒေကြောင့်လို့ မယူဆဘဲ အတိုးချေးစားစနစ်ကြောင့်လို့ ယူဆတဲ့အကြောင်း တင်ပြအပ်ပါတယ်။ ကျေးဇူးတင်ပါတယ် ခင်ဗျား။

**ဥက္ကဋ္ဌ** ။ ။ဦးရဲထွန်း(ခ)ဦးမင်းထွန်း ဖြည့်စွက်မေးတဲ့ မေးခွန်းကိစ္စနဲ့ ပတ်သက်ပြီးတော့ အခုလို နားလည်ပါတယ်။ လယ်သမားများထံမှ လယ်ယာမြေများ ယခင်ကာလက ချစ်တီးများ လက်သို့ ရောက်သွားခြင်းကိစ္စနဲ့ ပတ်သက်ပြီးတော့ ရောက်သွားခြင်းအကြောင်းအရင်းမှာ အတိုးများများ ပေးရပြီးတော့ နောက်ဆုံးမပေးနိုင်တဲ့အတွက် လယ်ယာကို ထိုးအပ်လိုက်ရတယ်ဆိုတဲ့ သဘောလို့ ပထမတစ်ချက်တွေ့ပါတယ်။ နောက်တစ်ချက်ကတော့ ဒီနေ့ လယ်ယာစိုက်ပျိုးရေး ဝန်ကြီးဌာနက စိုက်စရိတ်များ ထုတ်ချေးပေးလျက်ရှိတယ်။ အဲလိုချေးတဲ့နေရာမှာ ငွေပမာဏနည်းတယ်။ အဲဒါအပြင် ကြားမှာ ဖြတ်တောက်မှုများ များစွာရှိခဲ့တယ်။ ဒါကြောင့်မို့လို့ ရတဲ့ ငွေကြေးပမာဏဟာ လုံလောက်မှု မရှိဘူး။ ဒါကြောင့် ပြင်ပကနေပြီးတော့ ငွေများကို အတိုးကြီးစွာနဲ့ယူနေရတယ်။ ဒါကြောင့်မို့လို့

ပထမအချက် မျိုးဖြစ်မှာ စိုးရိမ်တဲ့သဘောလို့ ယူဆပါတယ်။ ဒါကြောင့် သက်ဆိုင်ရာ လယ်ယာစိုက်ပျိုးရေးဝန်ကြီးဌာနအနေနဲ့ ဒီထပ်လောင်းမေးခွန်းနဲ့ပတ်သက်လို့ အခုဖြေကြားရန်မလိုဘဲနဲ့ နောက်ရက်မှဘဲ ဖြည့်စွက် ဖြေကြားဖို့ ဥက္ကဋ္ဌက ဆုံးဖြတ်ပါတယ်။

**မြေလွတ်၊ မြေလပ်၊ မြေရိုင်း ဖော်ထုတ်ရေး စီမံချက်နှင့်စပ်လျဉ်းသည့် မေးခွန်း**

**ဥက္ကဋ္ဌ**။ ။ ရှာငံမဲဆန္ဒနယ်မှ ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ဦးအောင်သိန်း က မြေလွတ်၊ မြေလပ်၊ မြေရိုင်း ဖော်ထုတ်ရေး စီမံချက်နဲ့စပ်လျဉ်းတဲ့မေးခွန်းမေးမြန်းဖို့ ဖြစ်ပါတယ်။

**အချိန်၊ ၁၀း၄၈။**

**ဦးအောင်သိန်း(ရှာငံမဲဆန္ဒနယ်)**။ ။လေးစားအပ်ပါသော ပြည်သူ့လွှတ်တော် ဥက္ကဋ္ဌကြီးနှင့် တကွ ပြည်သူ့ လွှတ်တော်ကိုယ်စားလှယ်များအားလုံး မင်္ဂလာပါလို့ နှုတ်ခွန်းဆက်သအပ်ပါတယ်။ ကျွန်တော်ကတော့ ရှမ်းပြည်နယ်(တောင်ပိုင်း)၊ ရှာငံမဲဆန္ဒနယ်မှ ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ဦးအောင်သိန်း ဖြစ်ပါတယ်။ ကျွန်တော် မေးလိုတဲ့ မေးခွန်းကတော့ ဦးပိုင် မြေလွတ်၊ မြေလပ်၊ မြေရိုင်း ဖော်ထုတ်ရေး စီမံချက်ကြောင့် ဒေသခံတောင်သူ လယ်သမားများအား အကျိုးဖြစ်ထွန်းမှုမရှိစေဘဲ ဝန်ထုပ်ဝန်ပိုး ဖြစ်နေသည်ကို သိပါသလား။ တချို့စီမံချက်ကြောင့် သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေး လုပ်ငန်းများကို ထိခိုက်နစ်နာမှု ရှိလိမ့်မည်ဟု သိပါသလား။ မသိသေးလျှင် အခြေအနေမှန်ကို သိရှိနိုင်ရန် စုံစမ်းစစ်ဆေးရေး ကော်မရှင်တစ်ရပ် ဖွဲ့စည်းစုံစမ်းစေပြီး၊ ၎င်းစီမံချက်ကို ပြန်လည် စိစစ်ပေးရန် အစီအစဉ်ရှိပါသလား။ အားလုံးကိုကျေးဇူးတင်ပါတယ်။ (ဩဘာသံများ)

## ဖြေကြားချက်

**အချိန်၊ ၁၀း၅၀။**

**ဦးဌေးဦး (ဝန်ကြီး၊ လယ်ယာစိုက်ပျိုးရေးနှင့်ဆည်မြောင်းဝန်ကြီးဌာန)**။ ။လေးစားအပ်ပါသော ဥက္ကဋ္ဌကြီးခင်ဗျား။ ရှမ်းပြည်နယ်၊ရှာငံမဲဆန္ဒနယ်မှ ပြည်သူ့လွှတ်တော် ကိုယ်စားလှယ် ဦးအောင်သိန်းက မြေလွတ်၊ မြေလပ်၊မြေရိုင်းဖော်ထုတ်ရေးစီမံချက်ကြောင့် ဒေသခံတောင်သူများအား အကျိုးဖြစ်ထွန်းမှု မရှိစေဘဲ ဝန်ထုပ်ဝန်ပိုး ဖြစ်စေခြင်း၊ အချို့စီမံချက်ကြောင့် သဘာဝပတ်ဝန်းကျင် ထိန်းသိမ်းရေး လုပ်ငန်းများကိုပင် ထိခိုက်နစ်နာမှုရှိနေခြင်းတို့အတွက် စုံစမ်းစစ်ဆေးရေး ကော်မရှင်တစ်ရပ် ဖွဲ့စည်း စုံစမ်းစေပြီး၊ ၎င်းစီမံချက်ကို ပြန်လည် စိစစ်ပေးရန် အစီအစဉ် ရှိပါသလား ဆိုပြီးတော့မှ မေးမြန်း ထားတာဖြစ်ပါတယ်။ လယ်ယာစိုက်ပျိုးရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန အနေနဲ့ ဒေသနဲ့ ကိုက်ညီ ဖြစ်ထွန်းတဲ့ အသီးအနှံတွေ၊ စီးပွားရေးအရ တွက်ခြေကိုက်သော အသီးအနှံတွေ၊ နိုင်ငံတော်နဲ့

ဒေသအတွင်း နိုင်ငံတွေရဲ့လိုအပ်ချက်ကို ဖြည့်ဆည်းပေးနိုင်တဲ့ သီးနှံများစိုက်ပျိုး ထုတ်လုပ်ရန် ရည်ရွယ်ပြီးတော့မှ မြေလွတ်၊ မြေလပ်၊ မြေရိုင်းတွေကို အမှန်တကယ်စိုက်ပျိုးထုတ်လုပ်နိုင်တဲ့ လုပ်ငန်းရှင်တစ်ဦးချင်း ကုမ္ပဏီအဖွဲ့အစည်းတွေကို အဖွဲ့နဲ့ စိစစ်ပြီး လုပ်ပိုင်ခွင့် ချထားပေးတာ ဖြစ်ပါတယ်။

မြေလွတ်၊ မြေလပ်၊ မြေရိုင်းဟာ နိုင်ငံတော်ပိုင်ဖြစ်ပါတယ်။ ဒီမြေတွေမှာ သဘာဝအလျောက် ပေါက်ရောက်နေတဲ့ သစ်ပင်တွေကို ရှင်းလင်းပြီး တန်ဖိုးမြင့်မားစွာ ရရှိစေနိုင်တဲ့ စိုက်ပျိုးပင်၊ စိုက်ခင်းများဖြင့် အစားထိုးဖို့ ရည်ရွယ်ဆောင်ရွက်ခြင်းဖြစ်ပါတယ်။ ဒီလို ဆောင်ရွက်ခြင်းဟာလည်း နိုင်ငံတော်နဲ့ ပြည်သူတွေအတွက် ပိုမို စီးပွားဖြစ်ထွန်းစေရန် ဆောင်ရွက်လိုခြင်းသာ ဖြစ်ပါတယ်။ ဒီလို ချထားပေးတဲ့နေရာမှာ အမှန်တကယ် စိုက်ပျိုးလုပ်ကိုင်နိုင်ပြီး အရင်းအနှီးပြည့်စုံတဲ့ လုပ်ငန်းရှင် အဖွဲ့အစည်းတွေကိုသာ သူတို့ရဲ့ ကိုယ်တိုင်ဆန္ဒပြု လျှောက်ထားချက်အရ စိစစ်ချထားပေးခြင်းဖြစ်တဲ့ အတွက် ဝန်ထုပ်ဝန်ပိုး မဖြစ်နိုင်ဘူးလို့ဘဲ ကျွန်တော့်အနေနဲ့ တင်ပြလိုပါတယ်။

ဒီလိုခွင့်ပြုတဲ့ နေရာမှာ သတ်မှတ်ကာလအတွင်း ပြီးစီးအောင်စိုက်ပျိုးနိုင်တဲ့ မြေဧရိယာကိုသာ အပိုင်းလိုက် စိစစ်ခွင့်ပြုပြီး နှစ်အလိုက် စိုက်ပျိုးမယ့် မြေဧရိယာကို တောရှင်းမြေ ပြုပြင်၍ စိုက်ပျိုးစေရန်စီမံဆောင်ရွက်ခြင်း ဖြစ်ပါတယ်။ ပေးထားတဲ့မြေထဲက စိုက်ပျိုးနိုင်ခြင်းမရှိတဲ့ မြေတွေကို တောရှင်းဆောင်ရွက်ခြင်းကို ခွင့်ပြုထားခြင်းမရှိပါဘူး။စိုက်ပျိုးမယ့်လျာထားချက်နှင့် အညီသာ အဆင့် အလိုက် ဆောင်ရွက်စေတဲ့အတွက် အပင်တွေကလည်း ဆင့်ကဲကြီးထွားလာကြမှာ ဖြစ်ပါတယ်။ များသောအားဖြင့် ခွင့်ပြုထားတဲ့ သီးနှံအမျိုးအစားတွေကတော့ ရာဘာ၊ ဆီအုန်း၊ သရက် ၊ သီဟိုဠ်စတဲ့ နှစ်ရှည်ပင်ကြီးတွေကို ဦးစားပေး ဆောင်ရွက်စေလျက်ရှိသည့်နည်းတူ အချို့နေရာတွေမှာ ကော်ဖီကဲ့သို့ တန်ဖိုးမြင့် သီးနှံတွေကိုလည်း စိုက်ပျိုးဖို့ ချထားပေးလျက် ရှိပါတယ်။ ရှာင်းပြည်နယ်မှာ ကတော့ ကျွန်တော်တို့ အဓိကအားဖြင့် ကော်ဖီစိုက်ပျိုးတာတွေရှိပါတယ်၊ သရက် ရှိပါတယ်။ ရာဘာ၊ ဆီအုန်း၊ သရက်၊ သီဟိုဠ်စတဲ့ အပင်တွေဟာ နှစ်ရှည်ပင်တွေဖြစ်တဲ့အတွက် သစ်တောတွေနဲ့အခြေ အနေချင်းတူတဲ့ စိုက်ခင်းတွေဖြစ်ပါတယ်။ ကော်ဖီစိုက်ခင်းတွေဟာလည်းပဲ သတ်မှတ်အရိပ်ရ ပင်ကြီးတွေရဲ့ အောက်မှာ စိုက်ပျိုးရသည့်အတွက် မြေဆီလွှာထိန်းသိမ်းခြင်း၊ မြေအောက်ရေ တည်ရှိမှုအား မြှင့်တင်ထိန်းသိမ်းနိုင်ခြင်းတို့ကြောင့် သဘာဝပတ်ဝန်းကျင် ထိန်းသိမ်းမှုအား ပိုမို တိုးတက် ကောင်းမွန်စေနိုင်တာဖြစ်ပါတယ်။ အလားတူ စိုက်ခင်းများကြောင့် အကျိုးများရရှိစေမည့် အပြင် မြေလွတ်၊ မြေလပ်၊ မြေရိုင်းတွေကို စိုက်ခင်းကြီးများ ထူထောင်ခြင်းအားဖြင့် ဒေသမှာရှိတဲ့ ပြည်သူတွေအတွက် အလုပ်အကိုင်အခွင့်အလမ်းများ စဉ်ဆက်မပြတ်ရရှိစေခြင်း၊ ဒေသ လူမှုစီးပွားရေး ဖွံ့ဖြိုးတိုးတက်မှုကို ဖြစ်ပေါ်စေခြင်း၊ မြေဆီလွှာပျက်စီးမှုကို ကာကွယ်နိုင်ခြင်း၊ မြေအောက်ရေ တိုးမြှင့်

ထိန်းသိမ်းနိုင်ခြင်း စတဲ့ အကျိုးကျေးဇူးတွေ ရရှိစေနိုင်တဲ့အတွက် စီမံကိန်းတစ်ခုစီအလိုက် စနစ်တကျ ကြပ်မတ် ဆောင်ရွက်လျက် ရှိပါကြောင်းနှင့် ထူးခြားတဲ့အခြေအနေတွေ ရှိမယ်ဆိုရင်တော့ ပြည်နယ်/ တိုင်းဒေသကြီး အစိုးရအဖွဲ့နဲ့ လယ်ယာစိုက်ပျိုးရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန၊ ဝန်ထမ်းတွေနဲ့ ဆက်သွယ်ဆောင်ရွက်မယ်ဆိုရင် ကူညီဆောင်ရွက်ပေးသွားမှာဖြစ်ကြောင်း ပြန်လည်ရှင်းလင်းတင်ပြ အပ်ပါတယ်။ အားလုံးကို ကျေးဇူးတင်ပါတယ်။(ဩဘာသံများ)

**ဥက္ကဋ္ဌ** ။ ။ သီပေါမဲဆန္ဒနယ်မှ လွှတ်တော် ကိုယ်စားလှယ် ဦးရဲထွန်း ထပ်မံမေးတဲ့ မေးခွန်းကို နေ့လယ်ပိုင်းမှာ ပြည်သူ့လွှတ်တော်၊ ဒုတိယညွှန်ကြားရေးမှူးချုပ်ထံ စာနဲ့ရေးသားပြီးတော့ ထပ်မံတင်ပြဖို့ဖြစ်ပါတယ်။ မေးခွန်းများ မေးမြန်းခြင်းနှင့် ဖြေကြားခြင်းများ ဆောင်ရွက်လို့ ပြီးပါပြီ ဒါကြောင့် ယခု အစည်းအဝေးကို မိနစ် ၃၀ ခန့် ရပ်နားပါမယ်။

**အချိန်၊ ၁၁း၀၀။**

**အခမ်းအနားမှူး** ။ ။ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌကြီး ပြန်လည်ထွက်ခွာပါပြီခင်ဗျား။

**အခမ်းအနားမှူး** ။ ။ ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်များခင်ဗျား။ အစည်းအဝေးပြန်လည် မစတင်မီ လူခေါ်ခေါင်းလောင်းအသံရှည်တီးချိန်မှာ အစည်းအဝေးခန်းမအတွင်း ပြန်လည်နေရာ ယူကြရန် ဖြစ်ပါတယ်။ ယခု လွှတ်တော် ကိုယ်စားလှယ်များအားလုံး အစည်းအဝေး ခန်းမအတွင်းမှ ထွက်ခွာနိုင်ကြပါပြီ ခင်ဗျား။

**အချိန်၊ ၁၁း၃၀။**

**အခမ်းအနားမှူး** ။ ။ပြည်သူ့လွှတ်တော် ကိုယ်စားလှယ်များ ခင်ဗျား။ အစည်းအဝေး ပြန်လည် စတင်တော့မှာ ဖြစ်ပါတယ်။

**အခမ်းအနားမှူး** ။ ။ ပြည်သူ့လွှတ်တော် ဥက္ကဋ္ဌကြီး ကြွရောက်လာပါပြီခင်ဗျား။

**[** ပြည်သူ့လွှတ်တော် ဥက္ကဋ္ဌသည် ဥက္ကဋ္ဌအတွက် သတ်မှတ်ထားသည့် စင်မြင့်ပေါ်သို့ ကြွရောက် နေရာယူပါသည်။**]**

**အခမ်းအနားမှူး** ။ ။ အားလုံးထိုင်နိုင်ကြပါပြီခင်ဗျား။

**ဥက္ကဋ္ဌ** ။ ။ လွှတ်တော်ကိုယ်စားလှယ်များခင်ဗျား။ ပထမပိုင်းမှာ မေးခွန်းများမေးမြန်းခြင်း နှင့် ဖြေကြားခြင်း ဆောင်ရွက်လို့ပြီးပါပြီ။ ဆက်ပြီးတော့ အဆိုများတင်သွင်းခြင်း ဆက်လက် ဆောင်ရွက်ပါမယ်။ ဒီလိုဆောင်ရွက်တဲ့ နေရာမှာ အချိန်ပေါ်ကြည့်ပြီးတော့ ထမင်းစားချိန် စီစဉ်ပါမယ်။

**ဦးဖေသန်း ၊ မြေပုံ မဲဆန္ဒနယ်၏ " သဘာဝဘေးအန္တရာယ် တစ်ခုခုကြောင့် လူမှုစီးပွား ဘဝပျက်စီးမှု ပမာဏကြီးမားသော အခြေအနေတွင် တိုင်းဒေသကြီး/ ပြည်နယ် အတိုင်း အတာဖြင့် မဖြေရှင်းနိုင်သောအခါ၌ နိုင်ငံတော်က အရေးပေါ် သဘာဝဘေးအန္တရာယ် ကျရောက်သော ဒေသအဖြစ် ကြေညာပြီး ကယ်ဆယ်ရေးနှင့် ပြန်လည်ထူထောင်ရေး ကဏ္ဍအား ပြည်ထောင်စုအစိုးရမှ တိုက်ရိုက်ဝင်ရောက် ကူညီပေးပါရန် " အဆို တင်သွင်းခြင်းနှင့် လက်ခံဆွေးနွေးရန် သင့် မသင့်အဆုံးအဖြတ်ရယူခြင်း**

**အချိန် ၊ ၁၁း၃၂။**

**ဥက္ကဋ္ဌ ။** ။ ပြည်သူ့လွှတ်တော် ကိုယ်စားလှယ်များခင်ဗျား။ မြေပုံမဲဆန္ဒနယ်မှ လွှတ်တော် ကိုယ်စားလှယ် ဦးဖေသန်းက အဆိုတစ်ရပ် တင်သွင်းလိုကြောင်း ပေးပို့ထားပါတယ်။ ပြည်သူ့ လွှတ်တော်ဆိုင်ရာ နည်းဥပဒေ ၁၃၈ (က) အရ အဆိုတင်သွင်းမယ့် ကိုယ်စားလှယ်အား ဥက္ကဋ္ဌက ဖိတ်ခေါ်တဲ့အခါ သက်ဆိုင်ရာ လွှတ်တော်ကိုယ်စားလှယ်က မိမိအဆိုကို ဦးစွာဖတ်ပြတင်သွင်းပြီး ဆွေးနွေးပြောဆိုရန် သို့မဟုတ် အဆိုကို မတင်သွင်းလိုတော့ကြောင်း တင်ပြရန်ဖြစ်ပါတယ်။ **" သဘာဝ ဘေးအန္တရာယ်နှင့် စပ်လျဉ်းသည့် "** အဆိုကို တင်သွင်းဖို့ ဦးဖေသန်းအား ဖိတ်ခေါ်ပါတယ်။

**ဦးဖေသန်း(မြေပုံမဲဆန္ဒနယ်)။** ။လေးစားအပ်ပါသော ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌကြီးနှင့်တကွ ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်အားလုံးကို ကိုယ်စိတ်နှစ်ဖြာကျန်းမာချမ်းသာကြပါစေလို့ နှုတ်ခွန်း ဆက်သဂါရဝပြုအပ်ပါတယ်ခင်ဗျား။ကျွန်တော်ကတော့ရခိုင်ပြည်နယ်၊ မြေပုံမြို့နယ်ပြည်သူ့လွှတ်တော် ကိုယ်စားလှယ် ဦးဖေသန်းဖြစ်ပါတယ်။ ကျွန်တော်တင်ပြမယ့် အကြောင်းအရာကတော့ သဘာဝဘေး အန္တရာယ်တစ်ခုခုကြောင့် လူမှုစီးပွားဘဝပျက်စီးမှု ပမာဏကြီးမားတဲ့ အခြေအနေမျိုးမှာ သက်ဆိုင်ရာ တိုင်းဒေသကြီး/ပြည်နယ်အတိုင်းအတာနဲ့ မဖြေရှင်းနိုင်တဲ့အဖြစ်မျိုး ရောက်လာရင် နိုင်ငံတော်က အရေးပေါ်သဘာဝဘေးအန္တရာယ် ကျရောက်ရာဒေသအဖြစ်ကြေညာပြီးတော့ ကယ်ဆယ်ရေးနှင့် ပြန်လည်ထူထောင်ရေးကဏ္ဍမှာ ပြည်ထောင်စုအစိုးရက တိုက်ရိုက်ပါဝင်ကူညီသင့်တယ်ဆိုတဲ့အဆို ဖြစ်ပါတယ်။

ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌကြီးခင်ဗျား။ အထက်ပါအဆိုနဲ့ပတ်သက်ပြီးအနည်းငယ် ရှင်းလင်း တင်ပြလိုပါတယ်။ ၂၀၁၀ခုနှစ်အောက်တိုဘာလ၂၂ ရက်နေ့က တိုက်ခတ်ခဲ့တဲ့ ဂီရိမုန်တိုင်းကြောင့် ရခိုင်ပြည်နယ်အတွင်းမှာရှိတဲ့ မြေပုံ၊ ကျောက်ဖြူ ပေါက်တော၊ မင်းပြားစတဲ့ ဒေသ တွေမှာ ပြည်သူ တွေဟာ အသက်အိုးအိမ်များဆုံးရှုံးခဲ့ရပါတယ်။ စိုက်ပျိုးရေးလုပ်ငန်း၊ ငါးလုပ်ငန်းနဲ့ အခြားစီးပွားရေး

လုပ်ငန်း အမြောက်အမြားဟာလည်း ပျက်စီးဆုံးရှုံးခဲ့ရပါတယ်။ နိုင်ငံတော် အစိုးရနဲ့ NGO၊ INGO အဖွဲ့များ၊ စေတနာရှင်များက အရေးပေါ်ထောက်ပံ့ကူညီခဲ့ကြပါသော်လည်းပဲ ပျက်စီးမှုပမာဏဟာ ကြီးမားတဲ့အတွက်ကြောင့် ယခုအချိန်ထိ ပြန်လည်တည်ဆောက်ရေး လုပ်ငန်းများမှာ အလုံအလောက် ပြည့်စုံခြင်းမရှိသေးပါ။ အထူးသဖြင့် လယ်ယာကဏ္ဍမှာ ကျိုးပေါက်ပျက်စီးသွားတဲ့ တာတမံတွေကို လယ်သမားများဟာ အချိန်မီပြန်လည်ဆည်ဖို့နိုင်ခြင်း မရှိသေးပါဘူး။ စားမယ့် ဝမ်းစာစပါးမရှိပါဘူး။ စိုက်ပျိုးမယ့် မျိုးစပါး မရှိပါဘူး။ ထွန်ယက်မယ့် ကျွဲနွားများ မရှိပါဘူး။ အဲလို အခက်အခဲများစွာ တွေ့ကြုံနေရတဲ့အတွက် လာမယ့် မိုးရာသီ စပါးစိုက်ရာသီမှာ အချိန်မီ စပါးစိုက်နိုင်ဖို့အတွက် အလွန်ကို အခက်အခဲနဲ့ တွေ့ကြုံနေရပါတယ်။ ရခိုင်ပြည်နယ်အတွင်းမှာ တိုက်ခတ်ခဲ့တဲ့ ဂီရိမုန်တိုင်း၊ ၂၀၀၈ ခုနှစ်က ဧရာဝတီတိုင်းဒေသကြီးနဲ့ ရန်ကုန်တိုင်းဒေသကြီးတွေမှာ တိုက်ခတ်ခဲ့တဲ့ နာဂစ် မုန်တိုင်းတွေလို မုန်တိုင်းတွေဟာ အလွန်အဖျက်စွမ်းအား ကြီးမားတဲ့အတွက် ဆုံးရှုံးမှုပမာဏဟာ အလွန်တရာများပြားပါတယ်။ အဲလိုအခြေအနေမှာ သက်ဆိုင်ရာ တိုင်းဒေသကြီး/ပြည်နယ် အစိုးရတွေ အနေနဲ့ ကယ်ဆယ်ရေးနဲ့ ပြန်လည်ထောက်ပံ့ရေးအပိုင်းမှာ ငွေရေးကြေးရေး သုံးစွဲမှုအပိုင်းမှာရော၊ စက်ယန္တရားသုံးစွဲမှုအပိုင်းမှာရော အခက်အခဲများကြောင့် လုပ်ငန်းများကို နိုင်နင်းအောင်ဆောင်ရွက် နိုင်မှာ မဟုတ်ပါဘူးခင်ဗျား။

ပြည်သူ့လွှတ်တော် ဥက္ကဋ္ဌကြီးခင်ဗျား။ သို့ဖြစ်ပါ၍ မြန်မာနိုင်ငံ တစ်နေရာရာမှာ ရေဘေး၊ လေဘေး၊ မီးဘေးနဲ့ ငလျင်ဘေး စတဲ့ သဘာဝဘေးအန္တရာယ် တစ်ခုခုကြောင့် ပျက်စီးဆုံးရှုံးမှု ပမာဏကြီးမားသော အခြေအနေမျိုးမှာ ထိထိရောက်ရောက်မြန်မြန်ဆန်ဆန် အကူအညီပေးနိုင်ဖို့ အတွက် နိုင်ငံတော်အစိုးရက တနည်းအားဖြင့် ပြည်ထောင်စုအစိုးရက သဘာဝဘေးအန္တရာယ် ကျရောက်ရာ အရေးပေါ်ဒေသအဖြစ် သတ်မှတ်ကြေညာပြီးတော့ တိုက်ရိုက်ပါဝင်ပြီး အရေးပေါ် ကယ်ဆယ်ရေးနဲ့ ပြန်လည်ထူထောင်ရေးကဏ္ဍများကို ပါဝင်ကူညီသင့်ပါကြောင်း အဆိုပြုခြင်းဖြစ်ပါ တယ်။ အားလုံးကျေးဇူးတင်ပါတယ်ခင်ဗျား။ (သြဘာသံများ)

**ဥက္ကဋ္ဌ**။ ။ပြည်သူ့လွှတ်တော် ကိုယ်စားလှယ်များခင်ဗျား။ ယခု ဦးဖေသန်း တင်သွင်းတဲ့ အဆိုကို လွှတ်တော်က လက်ခံဆွေးနွေးရန် သင့် မသင့် လွှတ်တော်ရဲ့ အဆုံးအဖြတ်ရယူဖို့အတွက် ကိုယ်စားလှယ်တစ်ဦးရဲ့ ထောက်ခံချက်လိုအပ်ပါတယ်။ အဆိုကို ထောက်ခံမယ့် လွှတ်တော် ကိုယ်စားလှယ်အား ဖိတ်ခေါ်ပါတယ်။

**အချိန်၊ ၁၁း၃၆။**

**ဦးသိန်းဆွေ(အမ်းမဲဆန္ဒနယ်)။** ။လေးစားအပ်ပါတဲ့ ပြည်သူ့လွှတ်တော် ဥက္ကဋ္ဌကြီးခင်ဗျား။ ကျွန်တော်ကတော့ ရခိုင်ပြည်နယ်၊ အမ်းမြို့နယ်မှ ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ဦးသိန်းဆွေ ဖြစ်ပါတယ်။ ကျွန်တော့်အနေနဲ့ မြေပုံမြို့နယ်မဲဆန္ဒနယ်မှ ဦးဖေသန်း တင်သွင်းတဲ့ သဘာဝ ဘေးအန္တရာယ် တစ်ခုခုကြောင့် လူမှုစီးပွားဘဝပျက်စီးမှု ပမာဏကြီးမားတဲ့ အခြေအနေမှာ တိုင်းဒေသကြီး/ပြည်နယ် အတိုင်းအတာနဲ့ မဖြေရှင်းနိုင်တဲ့ အခြေအနေမျိုးမှာ နိုင်ငံတော်အနေနဲ့ အရေးပေါ် သဘာဝဘေးအန္တရာယ်ကျရောက်ရာ ဒေသအဖြစ် ကြေညာပြီးတော့မှ ကယ်ဆယ်ရေးနှင့် ပြန်လည်ထူထောင်ရေးကဏ္ဍကို ပြည်ထောင်စု အစိုးရမှ တိုက်ရိုက်ပါဝင် ကူညီပေးပါရန်အဆိုကို ထောက်ခံပါကြောင်းနှင့် လွှတ်တော်အနေနဲ့ လက်ခံဆွေးနွေးသင့်ကြောင်း တင်ပြအပ်ပါတယ်။ အားလုံးကျေးဇူးတင်ပါတယ်။(သြဘာသံများ)

**ဥက္ကဋ္ဌ**။ ။ ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်များခင်ဗျား။ မြေပုံမဲဆန္ဒနယ်မှ လွှတ်တော် ကိုယ်စားလှယ် ဦးဖေသန်း တင်သွင်းတဲ့အဆိုကို ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်တစ်ဦးဖြစ်တဲ့ ဦးသိန်းဆွေက ထောက်ခံသွားပါတယ်။ အဆိုမှာ သဘာဂဘေးအန္တရာယ် တစ်ခုခုကြောင့် လူမှုစီးပွားဘဂပျက်စီးမှု ပမာဏကြီးမားသော အခြေအနေတွင် တိုင်းဒေသကြီး/ပြည်နယ် အတိုင်းအတာဖြင့် မဖြေရှင်းနိုင်သော အခါ၌ နိုင်ငံတော်က အရေးပေါ် သဘာဂဘေးအန္တရာယ် ကျရောက်သော ဒေသအဖြစ် ကြေညာပြီး ကယ်ဆယ်ရေးနှင့် ပြန်လည်ထူထောင်ရေး ကဏ္ဍအား ပြည်ထောင်စုအစိုးရမှ တိုက်ရိုက်ဂင်ရောက် ကူညီပေးပါရန် အဆို ဖြစ်ပါတယ်။ ဒါကြောင့် ဒီအဆိုကို လွှတ်တော်က လက်ခံဆွေးနွေးရန် သင့် မသင့် ပြည်သူ့လွှတ်တော်ရဲ့ ဆန္ဒရယူပါမယ်။ ဦးဖေသန်း တင်သွင်းတဲ့ အဆိုကို လက်ခံ ဆွေးနွေးရန် ပြည်သူ့ လွှတ်တော်က သဘောတူပါသလားခင်ဗျား။

[ သုံးကြိမ်တိုင်တိုင် မေးမြန်းပါသည်။ လွှတ်တော်က သဘောတူပါသည်။]

**ဥက္ကဋ္ဌ**။ ။ အဆိုကို လက်ခံဆွေးနွေးဖို့ သဘောမတူတဲ့ လွှတ်တော်ကိုယ်စားလှယ်များ ရှိပါသလားခင်ဗျား။

**ဥက္ကဋ္ဌ**။ ။အဆိုကို လက်ခံဆွေးနွေးဖို့ သဘောမတူတဲ့ လွှတ်တော် ကိုယ်စားလှယ်များ မရှိတဲ့အတွက် မြေပုံမဲဆန္ဒနယ်မှ လွှတ်တော်ကိုယ်စားလှယ် ဦးဖေသန်း တင်သွင်းတဲ့အဆိုနဲ့ စပ်လျဉ်းပြီး လွှတ်တော်က သဘောတူတဲ့အတွက် လက်ခံဆွေးနွေးရန် ဆုံးဖြတ်ပါတယ်။

## လက်ခံဆွေးနွေးရန်ဆုံးဖြတ်သော အဆိုနှင့်စပ်လျဉ်း၍ ဆွေးနွေးလိုသည့် လွှတ်တော်ကိုယ်စားလှယ်များရှိလျှင် အမည်စာရင်းတင်သွင်းနိုင်ကြောင်းဥက္ကဋ္ဌက ကြေညာခြင်း

**ဥက္ကဋ္ဌ**။ ။ လွှတ်တော်ကိုယ်စားလှယ်များခင်ဗျား။ မြေပုံမဲဆန္ဒနယ်မှ ဦးဖေသန်း တင်သွင်းတဲ့ အဆိုကို မနက်ဖြန် ၂၀၁၁ခုနှစ်၊ မတ်လ ၁၀ရက် (ကြာသပတေးနေ့) ပြည်သူ့လွှတ်တော် အစည်းအဝေး သတ္တမနေ့မှာ ဆွေးနွေးပါမယ်။ ပြည်သူ့လွှတ်တော်ဆိုင်ရာ နည်းဥပဒေ ၁၃၈(ဂ) အရ ဆွေးနွေးမယ့် လွှတ်တော်ကိုယ်စားလှယ်များ အနေနဲ့ ဒီကနေ့ညနေပိုင်းမှာ ပြည်သူ့လွှတ်တော် ဒုတိယညွှန်ကြားရေးမှူးချုပ်ထံ အမည်စာရင်းတင်သွင်းနိုင်ကြောင်း ကြေညာပါတယ်။

## ဒေါက်တာစိုင်းကျော်အုန်း၊ နမ့်ခမ်း မဲဆန္ဒနယ်၏ " ဝင်ငွေနည်းပြည်သူများအတွက် ဆေးကုသခွင့် အာမခံချက်ရှိသော အမျိုးသားကျန်းမာရေး စနစ်တစ်ခု ထူထောင်ရန် "အဆို တင်သွင်းခြင်းနှင့် လက်ခံဆွေးနွေးရန် သင့် မသင့် အဆုံးအဖြတ် ရယူခြင်း

**အချိန် ၊၁၁း၄၃။**

**ဥက္ကဋ္ဌ**။ ။ ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်များခင်ဗျား။ နမ့်ခမ်းမဲဆန္ဒနယ်မှ လွှတ်တော်ကိုယ်စားလှယ် ဒေါက်တာစိုင်းကျော်အုန်းက အဆိုတစ်ရပ်တင်သွင်းလိုကြောင်း ပေးပို့ထားပါတယ်။ ပြည်သူ့လွှတ်တော်ဆိုင်ရာ နည်းဥပဒေပုဒ်မ ၁၃၈(က)အရ အဆိုတင်သွင်းမည့် ကိုယ်စားလှယ်အား ဥက္ကဋ္ဌက ဖိတ်ခေါ်တဲ့အခါ သက်ဆိုင်ရာ လွှတ်တော်ကိုယ်စားလှယ်က မိမိအဆိုကို ဦးစွာဖတ်ပြ တင်သွင်းပြီး ဆွေးနွေးပြောဆိုရန် သို့မဟုတ် အဆိုကိုမတင်သွင်းလိုတော့ကြောင်း တင်ပြရန် ဖြစ်ပါတယ်။**"ဝင်ငွေနည်းပြည်သူများအတွက် ဆေးကုသခွင့်အာမခံချက်ရှိသော အမျိုးသားကျန်းမာရေး စနစ်တစ်ခု ထူထောင်ရန်"** နှင့်စပ်လျဉ်းတဲ့ အဆိုကိုတင်သွင်းဖို့ ဒေါက်တာစိုင်းကျော်အုန်း အား ဖိတ်ခေါ်ပါတယ်။

**အချိန်၊၁၁း၄၃။**

**ဒေါက်တာစိုင်းကျော်အုန်း(နမ့်ခမ်းမဲဆန္ဒနယ်)**။ ။လေးစားအပ်သော ပြည်သူ့လွှတ်တော် ဥက္ကဋ္ဌကြီးနှင့်တကွ ပြည်သူ့လွှတ်တော် ကိုယ်စားလှယ်များအားလုံး ကိုယ်စိတ်နှစ်ဖြာ ကျန်းမာ ရွှင်လန်းပြီး မင်္ဂလာအပေါင်းနဲ့ ခညောင်းကြပါစေလို့ ဦးစွာနှုတ်ခွန်းဆက်သအပ်ပါတယ်။ ကျွန်တော် ကတော့ နမ့်ခမ်းမြို့နယ်၊ ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ဒေါက်တာစိုင်းကျော်အုန်းဖြစ်ပါတယ်။ ကျွန်တော့်အနေနဲ့ ပထမအကြိမ် ပြည်သူ့လွှတ်တော်ပုံမှန် အစည်းအဝေး ဆဋ္ဌမနေ့အစီအစဉ်မှာ ဝင်ငွေနည်း ပြည်သူများအတွက် ဆေးကုသခွင့်အာမခံချက်ရှိသော အမျိုးသားကျန်းမာရေး စနစ်တစ်ခု

ထူထောင်ပါရန် အဆို တစ်ခုတင်သွင်းသွားမှာဖြစ်ပါတယ်။ ကျွန်တော့်အဆိုနဲ့ပတ်သက်ပြီး အနည်းငယ် ရှင်းလင်းတင်ပြသွားမှာ ဖြစ်ပါတယ်။ ဥက္ကဋ္ဌကြီးခင်ဗျား။ ကျွန်တော်တို့ ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံ တော်မှာ အခုလက်ရှိ ကျင့်သုံးနေတဲ့ စရိတ်မျှပေး ကျန်းမာရေးဆေးကုသမှုစနစ်မှာ ဆေးကုသမှု၊ ဝန်ဆောင်မှုဆိုင်ရာ စရိတ်အတွက် မပေးဆောင်ကြရတဲ့အတွက်ကြောင့် ကျွန်တော်တို့ ပြည်ထောင်စု သမ္မတမြန်မာနိုင်ငံတော်မှာ ကျင့်သုံးနေတဲ့ ဆေးကုသမှုစနစ်ဟာ ဖွံ့ဖြိုးပြီးနိုင်ငံများနဲ့ နှိုင်းယှဉ်ရင် တောင်မှ ကျွန်တော်တို့ကျင့်သုံးနေတဲ့စနစ်ဟာ ချီးမွမ်းလောက်အောင်ကောင်းပြီး လက်မထောင်ကာ ဂုဏ်ယူဝင့်ကြွားနိုင်တဲ့ အဆင့်မှာ ရှိနေတာကို တွေ့မြင်ရမှာဖြစ်ပါတယ်။ ကျွန်တော်တို့ ပြည်ထောင်စု သမ္မတမြန်မာနိုင်ငံတော်အတွင်း မှီတင်းနေထိုင်ကြတဲ့ ဝင်ငွေအသင့်အတင့်နဲ့ ဝင်ငွေအလယ်အလတ် ရရှိတဲ့ ပြည်သူလူထုများအတွက် ဒီစနစ်ဟာ ပြည်သူများအတွက် အများကြီး အကျိုးပြုစေတာကို တွေ့ရပါတယ်။ ဒါပေမယ့် ကျွန်တော်တို့ ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်မှာ ဝင်ငွေနည်း ပြည်သူ များက ပိုမိုများပြားနေသည့်အလျောက် ဝင်ငွေနည်းပြည်သူများဟာ ရောဂါဖြစ်လာလို့ ရှိရင် ဆေးရုံနဲ့ ဆေးခန်းများကို သွားရောက်ပြသဖို့ အင်မတန်မှ ဝန်လေးနေကြတာကို တွေ့မြင်ရပါတယ်။ ဥပမာ အနေနဲ့ တင်ပြရမယ်ဆိုရင် သွေးတိုးရှိတဲ့ ဝင်ငွေနည်း ပြည်သူတစ်ယောက်ဟာ သွေးပေါင်ချိန် တက်လာလို့ရှိရင် ခေါင်းမူးမယ်၊ တချို့ကလည်း ဇက်ကြောလေးမယ်၊ ခေါင်းကိုက်ပါမယ်။ ဆေးရုံ၊ ဆေးခန်းကို သွားပြဖို့ ဝင်ငွေမလုံလောက်တဲ့အတွက်ကြောင့် လမ်းဘေးဈေးဆိုင်မှာ ရောင်းချနေတဲ့ ခေါင်းမူးပျောက်ဆေး၊ ခေါင်းကိုက်ပျောက်ဆေးများကိုသာ ဝယ်ယူသောက်သုံးနေရတဲ့ အခြေအနေမျိုး ရှိနေတာ တွေ့မြင်ရပါတယ်။ ဆေးအာနိသင်ကြောင့် ရောဂါခံစားမှုလက္ခဏာများ အထိုက်အလျောက် ခဏတဖြုတ် ပပျောက်သွားမယ်ဆိုသော်ငြားလည်း တကယ့်ရောဂါဇစ်မြစ်ကို ကုသရာမရောက်တဲ့ အတွက်ကြောင့် ၎င်းလက္ခဏာများ နောက်ရက်များတွေမှာ ပြန်ပြီးတော့ပေါ်လာမှာ ဖြစ်ပါတယ်။ ရောဂါဇစ်မြစ်ကို မသိတဲ့အတွက်ကြောင့် တကယ်လို့များ မတော်တဆရေချိုးမှား၊ အစားအသောက် မှားလို့ရှိရင် ရောဂါရဲ့နောက်ဆက်တွဲဆိုးကျိုးများဖြစ်တဲ့ လေဖျန်း၊ လေဖြတ်ရောဂါများဖြစ်တဲ့အထိ ရောက်ရှိနိုင်ခြေရှိပြီးတော့ နိုင်ငံတော်ရဲ့ လူသားအရင်းအမြစ် စွမ်းအားများ နစ်နာဆုံးရှုံးစေမှာ ဖြစ်ပါတယ်။

ဥက္ကဋ္ဌကြီးခင်ဗျား။ အိမ်နီးနားချင်း နိုင်ငံဖြစ်တဲ့ တရုတ်ပြည်သူ့သမ္မတနိုင်ငံတော်၊ ယူနန်ပြည်နယ်၊ ရွှေလီခရိုင်မှာ အသက် ၆နှစ် ကျော် ကျောင်းတက်ကာစအရွယ်ကနေပြီးတော့ သက်ကြီးရွယ်အိုအထိ တစ်နှစ်ကို ဆေးကုသမှု ကျန်းမာရေးအာမခံကြေး တစ်ယောက်ကို ယွမ် ၃၀ ပေးဆောင်ရပြီးတော့ တကယ်လို့များ ဆေးရုံတက်ရောက်ပြီး ကုသတဲ့အခါမှာ နောက်ထပ်ကုန်ကျမှု

စရိတ်အားလုံးရဲ့ ၂၅ ရာခိုင်နှုန်းဘဲ ပေးဆောင်ရတာကိုတွေ့ရှိရပါတယ်။ ခုနကျွန်တော်ပြောတဲ့ ယွမ် ၃၀ ဆိုတာက ကျွန်တော်တို့ မြန်မာငွေနဲ့ဆိုရင်ကျပ် ၄၀၀၀ နီးပါးရှိပါတယ်။ အိမ်နီးနားချင်း ထိုင်းနိုင်ငံမှာတော့ ဝင်ငွေနည်းပြည်သူ များအတွက် တစ်နှစ်အတွက် တစ်ယောက်ကို ဘတ် ၂၄၀၀ မြန်မာငွေအနေနဲ့ ကျပ် ၄၀၀၀၀ ခန့် ပေးဆောင်ရပြီးတော့ ဆေးရုံတစ်ခါတက်လို့ရှိရင် ဖျားနာတာကအစ အကြီးစားခွဲစိတ် ကုသမှုထိအဆုံး လူနာကနေပြီးတော့ နောက်ထပ် ဘတ် ၃၀ ဘဲ ဆောင်းပေးရတော့မှာ ဖြစ်ပါတယ်။ ဘတ် ၃၀ ကတော့ ကျွန်တော်တို့ မြန်မာငွေအနေနဲ့ ကျပ် ၁၀၀၀ ခန့်ဖြစ်ပါတယ်။

ဥက္ကဋ္ဌကြီးခင်ဗျား။ ကျွန်တော်တို့ ပြည်ထောင်စုသမ္မတ မြန်မာနိုင်ငံတော်မှာလည်း ကျန်းမာရေးဝန်ကြီးဌာနက နေပြီးတော့ ကော်မတီဖွဲ့စည်းပြီး သင့်တင့် လျောက်ပတ်တဲ့နှုန်းနဲ့ ကျန်းမာရေးအာမခံကြေး ကောက်ခံပြီးတော့ ကုသသွားမယ်ဆိုရင် ဝင်ငွေနည်း ပြည်သူများအတွက် အကျိုးဖြစ်ထွန်းမှာ ဖြစ်ပါတယ်။ ကြိုတင်ကာကွယ်ခြင်းသည် ကုသခြင်းထက်ပိုမို ကောင်းမွန်သည် ဆိုတဲ့ ကျန်းမာရေးဆောင်ပုဒ် အတိုင်း ဝင်ငွေနည်းပြည်သူများအတွက် အပ်နဲ့ထွင်းရမယ့်အလုပ်ကို ပုဆိန်နဲ့ ပေါက်ရမယ့် အဖြစ်မျိုးထိ မရောက်ရှိတော့ဘဲ မလိုလားအပ်တဲ့ နောက်ဆက်တွဲဆိုးကျိုးများလည်း ဖြစ်လာနိုင်စရာအကြောင်း မရှိတော့ပါ။ ဒီအတွက်ကြောင့် နိုင်ငံတော်ရဲ့ လူသားအရင်းအမြစ် စွမ်းအားများလည်း ထိခိုက်စရာအကြောင်း မရှိတော့ဘဲ နိုင်ငံအတွက်အများကြီး အကျိုးဖြစ်ထွန်းစေမှာ ဖြစ်ပါတယ်။ ဒါကြောင့်မို့လို ဝင်ငွေနည်းပြည်သူများအတွက် ဆေးကုသခွင့် အာမခံချက်ရှိတဲ့ ကျန်းမာရေးစနစ်ထူထောင်ပါရန် အဆိုကိုတင်ပြခြင်းဖြစ်ပါတယ်။ အားလုံးကို ကျေးဇူးတင်ပါတယ်။ (သြဘာသံများ)

**ဥက္ကဋ္ဌ** ။ ။ ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်များခင်ဗျား။ ယခု ဒေါက်တာစိုင်းကျော်အုန်း တင်သွင်းသွားတဲ့ အဆိုကို လွှတ်တော်က လက်ခံဆွေးနွေးဖို့ရန် သင့် မသင့် လွှတ်တော်ရဲ့ အဆုံးအဖြတ်ရယူဖို့အတွက် ကိုယ်စားလှယ်တစ်ဦးရဲ့ ထောက်ခံချက် လိုအပ်ပါတယ်။ အဆိုကို ထောက်ခံမယ့် လွှတ်တော်ကိုယ်စားလှယ်အား ဖိတ်ခေါ်ပါတယ်။

**အချိန်၊ ၁၁း၅၁။**

**ဦးခွန်လိန်း(ဖလမ်းမဲဆန္ဒနယ်)**။ ။ ကျွန်တော်ကတော့ ချင်းပြည်နယ်၊ ဖလမ်းမြို့နယ် ကိုယ်စားလှယ် ဦးခွန်လိန်း ဖြစ်ပါတယ်။ ယနေ့ကြွရောက်လာကြတဲ့ ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌနှင့်တကွ လွှတ်တော် ကိုယ်စားလှယ်အားလုံးကို လေးစားပါကြောင်း အသိပေးပြောကြား လိုပါတယ်။ စောစောက ဒေါက်တာစိုင်းကျော်အုန်း၊ နမ့်ခမ်းမဲဆန္ဒနယ်ရဲ့ ဝင်ငွေနည်း ပြည်သူများအတွက် ဆေးကုသခွင့် အာမခံချက် ရှိသော အမျိုးသားကျန်းမာရေး စနစ်တစ်ခု ထူထောင်ပါရန် အဆိုဟာ သင့်တင့် လျောက်ပတ်တဲ့ အတွက်ကြောင့် လွှတ်တော်အနေနဲ့ ဆွေးနွေးသင့်ပါကြောင်း ထောက်ခံ တင်ပြအပ်ပါတယ်။

**အချိန်၊ ၁၁း၅၃။**

**ဥက္ကဋ္ဌ** ။ ။ ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်များခင်ဗျား။ နမ့်ခမ်းမဲဆန္ဒနယ်မှ လွှတ်တော်ကိုယ်စားလှယ် ဒေါက်တာစိုင်းကျော်အုန်း တင်သွင်းတဲ့အဆိုကို ကိုယ်စားလှယ်တစ်ဦးက ထောက်ခံသွားပါတယ်။ အဆိုမှာ ဝင်ငွေနည်းပြည်သူများအတွက် ဆေးကုသခွင့် အာမခံချက်ရှိသော အမျိုးသားကျန်းမာရေးစနစ်တစ်ခု ထူထောင်ရန်အဆို ဖြစ်ပါတယ်။ ဒါကြောင့်ဒီအဆိုကို လွှတ်တော်က လက်ခံဆွေးနွေးရန် သင့် မသင့် ပြည်သူ့လွှတ်တော်ရဲ့ ဆန္ဒရယူပါမယ်။ ဒေါက်တာစိုင်းကျော်အုန်း တင်သွင်းတဲ့အဆိုကို လက်ခံဆွေးနွေးရန် ပြည်သူ့လွှတ်တော်က သဘောတူပါသလားခင်ဗျား။

**[** သုံးကြိမ်တိုင်တိုင် မေးမြန်းပါသည်။ လွှတ်တော်က သဘောတူပါသည်။**]**

**အချိန်၊ ၁၁း၅၄။**

**ဥက္ကဋ္ဌ** ။ ။ အဆိုကိုလက်ခံဆွေးနွေးဖို့ သဘောမတူတဲ့ လွှတ်တော်ကိုယ်စားလှယ်များ ရှိပါသလား ခင်ဗျား။

**[** ၂ ကြိမ်မေးမြန်းပါသည်။ သဘောမတူသူမရှိပါ ။ **]**

**ဥက္ကဋ္ဌ** ။ ။လွှတ်တော် ကိုယ်စားလှယ်များ ခင်ဗျား။ နမ့်ခမ်းမဲဆန္ဒနယ်မှ လွှတ်တော်ကိုယ်စားလှယ် ဒေါက်တာစိုင်းကျော်အုန်းတင်သွင်းတဲ့ အဆိုနှင့်စပ်လျဉ်းပြီး လွှတ်တော်က သဘောတူတဲ့အတွက် လက်ခံဆွေးနွေးရန် ဆုံးဖြတ်ပါတယ်။ (သြဘာသံများ)

## လက်ခံဆွေးနွေးရန် ဆုံးဖြတ်သော အဆိုနှင့်စပ်လျဉ်း၍ ဆွေးနွေးလိုသည့် လွှတ်တော်ကိုယ်စားလှယ်များရှိလျှင် အမည်စာရင်းတင်သွင်းနိုင်ကြောင်း ဥက္ကဋ္ဌက ကြေညာခြင်း

**အချိန်၊ ၁၁း၅၅။**

**ဥက္ကဋ္ဌ** ။ ။ ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်များခင်ဗျား။ နမ့်ခမ်းမဲဆန္ဒနယ်မှ လွှတ်တော်ကိုယ်စားလှယ် ဒေါက်တာစိုင်းကျော်အုန်း တင်သွင်းတဲ့ အဆိုကို မနက်ဖြန် ၂၀၁၁ခုနှစ်၊ မတ်လ ၁၀ရက်(ကြာသပတေးနေ့) ပြည်သူ့လွှတ်တော်အစည်းအဝေး သတ္တမနေ့မှာ ဆွေးနွေးပါမယ်။ ပြည်သူ့လွှတ်တော်ဆိုင်ရာ နည်းဥပဒေ ၁၃၈(ဂ) အရ ဆွေးနွေးမယ့် လွှတ်တော်ကိုယ်စားလှယ်များ အနေနဲ့ ဒီကနေ့ညနေပိုင်းမှာ ပြည်သူ့လွှတ်တော် ဒုတိယညွှန်ကြားရေးမှူးချုပ်ထံ အမည်စာရင်း တင်သွင်းနိုင်ကြောင်း ကြေညာပါတယ်။

## ဦးထွန်းဆာ (ခ) စိုင်းထွန်းဝင်း၊ တန့်ယန်း မဲဆန္ဒနယ်၏ "စည်းကမ်းပြည့်ဝသော ဒီမိုကရေစီစနစ်နှင့် လိုက်လျောညီထွေ ပေါ်ပေါက်လာရန် လိုအပ်သည့် လူမှုရေးအသင်းအဖွဲ့များ၊ စီးပွားရေး အသင်း အဖွဲ့များ၊ ဘာသာရပ်ဆိုင်ရာအသင်းအဖွဲ့များ၊ စာပေယဉ်ကျေးမှုနှင့် ပညာရေး အသင်းအဖွဲ့များ၊ ဖောင်ဒေးရှင်းများ ထူထောင်ရန် ရှင်းလင်းလွယ်ကူသော စနစ်တစ်ခု ထူထောင်ပေးပါရန် " အဆို တင်သွင်းခြင်းနှင့် လက်ခံဆွေးနွေးရန် သင့် မသင့် အဆုံးအဖြတ်ရယူခြင်း

**ဥက္ကဋ္ဌ**။ ။ ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်များခင်ဗျား။ တန့်ယန်းမဲဆန္ဒနယ်မှ လွှတ်တော်ကိုယ်စားလှယ် ဦးထွန်းဆာ(ခ)စိုင်းထွန်းဝင်းက အဆိုတစ်ရပ်တင်သွင်းလိုကြောင်း ပေးပို့ထားပါတယ်။ ပြည်သူ့ လွှတ်တော်ဆိုင်ရာ နည်းဥပဒေပုဒ်မ ၁၃၈(က) အရ အဆိုတင်သွင်းမယ့် ကိုယ်စားလှယ်အား ဥက္ကဋ္ဌက ဖိတ်ခေါ်တဲ့အခါ သက်ဆိုင်ရာ လွှတ်တော်ကိုယ်စားလှယ်က မိမိအဆိုကို ဦးစွာ ဖတ်ပြတင်သွင်းပြီး ဆွေးနွေးပြောဆိုရန် သို့မဟုတ် အဆိုကို မတင်သွင်းတော့ကြောင်း တင်ပြရန်ဖြစ်ပါတယ်။ ဦးထွန်းဆာ(ခ)စိုင်းထွန်းဝင်း၊ တန့်ယန်းမဲဆန္ဒနယ်ရဲ့ အဆိုကို ဦးထွန်းဆာက တင်သွင်းဖို့ ဖိတ်ခေါ်ပါတယ်။

**အချိန်၊ ၁၁း၅၃။**

**ဦးထွန်းဆာ(ခ)စိုင်းထွန်းဝင်း(တန့်ယန်းမဲဆန္ဒနယ်)**။ ။လေးစားအပ်ပါသောပြည်သူ့လွှတ်တော် ဥက္ကဋ္ဌကြီးနှင့် ပြည်သူ့လွှတ်တော် ကိုယ်စားလှယ်များခင်ဗျား။ ကိုယ်စိတ်နှစ်ဖြာ ကျန်းမာချမ်းသာ ကြလျက် မင်္ဂလာအပေါင်းနဲ့ခညောင်းတဲ့ နေ့တစ်နေ့ဖြစ်ပါစေလို့ ဆုမွန်ကောင်းတောင်းလိုက်ပါတယ်။ ကျွန်တော်ကတော့ တန့်ယန်းမြို့နယ်က ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ဦးထွန်းဆာ(ခ)စိုင်းထွန်းဝင်း ဖြစ်ပါတယ်။ ကျွန်တော်တင်သွင်းမယ့်အဆိုကတော့ စည်းကမ်းပြည့်ဝသော ဒီမိုကရေစီစနစ်နှင့် လိုက်လျောညီထွေ ပေါ်ပေါက်လာရန် လိုအပ်သည့် လူမှုရေးအသင်းအဖွဲ့များ၊ စီးပွားရေး အသင်း အဖွဲ့များ၊ ဘာသာရပ်ဆိုင်ရာအသင်းအဖွဲ့များ၊ စာပေယဉ်ကျေးမှုနှင့် ပညာရေး အသင်းအဖွဲ့များ ဖောင်ဒေးရှင်းများ ထူထောင်ရန် ရှင်းလင်းလွယ်ကူသော စနစ်တစ်ခု ထူထောင်ပေးပါရန် အဆိုဖြစ်ပါတယ်။

လေးစားအပ်ပါသော ဥက္ကဋ္ဌကြီးခင်ဗျား။ ကျွန်တော်ရဲ့ အဆိုပြုချက်ကို ပိုမို ရှင်းလင်းအောင် တင်ပြရလျှင် ကျွန်တော်တို့ ပြည်ထောင်စု သမ္မတမြန်မာနိုင်ငံတော် သစ်ကြီးဟာ စည်းကမ်းပြည့်ဝတဲ့

ဒီမိုကရေစီ လူ့ဘောင်သစ်ကြီးအဖြစ် သမိုင်းမှာ ပေါ်ထွန်းလာခဲ့ပြီ ဖြစ်ပါတယ်။ ဒီလိုဒီမိုကရက်တစ် လူ့ဘောင်သစ်ကြီးမှာ ဖွဲ့စည်းပုံအခြေခံဥပဒေက ပြဋ္ဌာန်းပေးထားတဲ့ ပြည်သူအများရဲ့မူလအခွင့်အရေး များကို ခံစားနိုင်ခွင့်ရှိရေးမှာလွန်စွာမှ အရေးကြီးတဲ့ကိစ္စတစ်ရပ်ဖြစ်ပါတယ်။ ထိုသို့ ရရှိခံစားနိုင်ရန်မှာ ကျွန်တော့်အဆိုမှာပါရှိတဲ့ အဖွဲ့အစည်းများကိုထူထောင်ပေးနိုင်မှသာလျှင်ပြည့်ပြည့်ဝဝ၊မြန်မြန်ဆန်ဆန် ရရှိမှာဖြစ်ပါတယ်။ ကျွန်တော်ဆိုလိုတာက ပြည်သူများ ဒီမိုကရေစီ ကျင့်စဉ်ကို လှည့်ပြောင်း ကျင့်သုံး နိုင်ရေး၊ ဥပဒေနဲ့စည်းကမ်းများကို ရိုသေလိုက်နာရေး၊ မိမိတို့ ရရှိခံစားရမယ့် အခွင့်အရေးများကို သိရှိသလို မိမိတို့ထမ်းဆောင်ရမယ့် တာဝန်ဝတ္တရား များကို သိရှိရေးမှာ ထိုသို့သော အဖွဲ့အစည်းများမှ တစ်ဆင့်သာ စည်းရုံး အကောင်အထည်ဖော်နိုင်မှာ ဖြစ်ပါတယ်။ ဒါ့ကြောင့် ဒီမိုကရက်တစ် လူ့ဘောင်သစ်တစ်ရပ်မှာ ကောင်းတဲ့ဘက်မှာ စွဲမြဲရှိနေသင့်တဲ့ အဆိုပါအဖွဲ့အစည်း များကို အလွယ်တကူ ထူထောင်ခွင့် တနည်းအားဖြင့်ဆိုလျှင် တရားဝင်မှတ်ပုံတင်ခွင့် ရရှိရေးမှာ လွန်စွာမှ အရေးကြီးလှပါတယ်။ ဥပမာအားဖြင့် ပြောရလျှင် ကျွန်တော်တို့ ရှမ်းပြည်နယ်ရှိ မြို့နယ် အသီးသီးမှာ တိုင်းရင်းသား စာပေယဉ်ကျေးမှုအသင်းများ၊ ဘာသာရေးအသင်းများ၊ သာရေးနာရေး လူမှုရေး အသင်းများ တည်ထောင်ဖွဲ့စည်းလှုပ်ရှားဆောင်ရွက်နေကြတာဖြစ်ပေမယ့် တရားဝင် မှတ်ပုံတင်ခွင့် လျှောက်ထားကြရာမှာတော့ အလွန်ခက်ခဲကြန့်ကြာ နေတာတွေကို တွေ့မြင်ရပါတယ်။ ဒါကြောင့် အဲဒီလိုအဖွဲ့အစည်းများကို စည်းကမ်းစနစ်တကျဖြင့် ဥပဒေဘောင်အတွင်းမှ တရားဝင်ရပ်တည် လှုပ်ရှား ဆောင်ရွက်နိုင်ရေးအတွက် ရှင်းလင်းလွယ်ကူသော မှတ်ပုံတင်ခွင့်ပြုသည့် စနစ်တစ်ခုကို ဖော်ဆောင်ပေးပါရန် အဆိုပြုတင်သွင်းအပ်ပါတယ်။ အားလုံးကို ကျေးဇူးတင်ပါတယ် ခင်ဗျား။ (သြဘာသံများ)

**ဥက္ကဋ္ဌ**။ ။ယခုဦးထွန်းဆာ(ခ)စိုင်းထွန်းဝင်း တင်သွင်းသွားတဲ့အဆိုကို လွှတ်တော်က လက်ခံဆွေးနွေးရန်အတွက် သင့် မသင့် လွှတ်တော်ရဲ့ အဆုံးအဖြတ်ရယူဖို့အတွက် ကိုယ်စားလှယ် တစ်ဦးရဲ့ ထောက်ခံချက်လိုအပ်ပါတယ်။ အဆိုကို ထောက်ခံမယ့် လွှတ်တော်ကိုယ်စားလှယ်တစ်ဦးအား ဖိတ်ခေါ်ပါတယ်။

**အချိန်၊၁၁း၀၀။**

**ဦးရဲထွန်း(ခ)ဦးမင်းထွန်း(သီပေါမဲဆန္ဒနယ်)**။ ။ တန့်ယန်း မဲဆန္ဒနယ်ရဲ့ ပြည်သူ့လွှတ်တော် ကိုယ်စားလှယ် ဦးထွန်းဆာ(ခ)စိုင်းထွန်းဝင်းရဲ့ စည်းကမ်းပြည့်ဝသော ဒီမိုကရေစီစနစ်နှင့် လိုက်လျော ညီထွေ ပေါ်ပေါက်လာရန်လိုအပ်သည့် လူမှုရေးအသင်းအဖွဲ့များ၊ စီးပွားရေးအသင်းအဖွဲ့များ၊ ဘာသာ

ရပ်ဆိုင်ရာ အသင်းအဖွဲ့များ၊ စာပေယဉ်ကျေးမှုနှင့် ပညာရေးအသင်းအဖွဲ့များ ဖောင်ဒေးရှင်းများ ထူထောင်ရန် ရှင်းလင်း လွယ်ကူသော စနစ်တစ်ခု ထူထောင်ပေးပါရန် အဆိုကို ထောက်ခံအပ်ပါတယ်။

**အချိန်၊ ၁၂း၀၂။**

**ဥက္ကဋ္ဌ**။ ။ပြည်သူ့လွှတ်တော် ကိုယ်စားလှယ်များ ခင်ဗျား။ တနင်္သာရီ မဲဆန္ဒနယ်မှ လွှတ်တော်ကိုယ်စားလှယ် ဦးထွန်းဆာ(ခ)စိုင်းထွန်းဝင်း တင်သွင်းတဲ့အဆိုကို ကိုယ်စားလှယ်တစ်ဦးက ထောက်ခံသွားပါတယ်။ အဆိုမှာ စည်းကမ်းပြည့်ဝသော ဒီမိုကရေစီစနစ်နှင့် လိုက်လျောညီထွေ ပေါ်ပေါက်လာရန် လိုအပ်သည့် လူမှုရေးအသင်းအဖွဲ့များ၊ စီးပွားရေး အသင်းအဖွဲ့များ၊ ဘာသာရပ်ဆိုင်ရာ အသင်းအဖွဲ့များ၊ စာပေယဉ်ကျေးမှုနှင့် ပညာရေးအသင်းအဖွဲ့များ ဖောင်ဒေးရှင်းများ ထူထောင်ရန် ရှင်းလင်းလွယ်ကူသော စနစ်တစ်ခု ထူထောင်ပေးပါရန် အဆို ဖြစ်ပါတယ်။ ဒါ့ကြောင့် ဒီအဆိုကို လွှတ်တော်က လက်ခံဆွေးနွေးရန် သင့် မသင့် လွှတ်တော်ရဲ့ ဆန္ဒရယူပါ့မယ်။ ဦးထွန်းဆာ တင်သွင်းတဲ့အဆိုကို လက်ခံဆွေးနွေးရန် ပြည်သူ့လွှတ်တော်က သဘောတူပါ သလားခင်ဗျား။

[ သုံးကြိမ်တိုင်တိုင် မေးမြန်းပါသည်။ လွှတ်တော်က သဘောတူပါသည်။]

**ဥက္ကဋ္ဌ**။ ။ အဆိုကိုလက်ခံဆွေးနွေးဖို့ သဘောမတူတဲ့ လွှတ်တော်ကိုယ်စားလှယ်များ ရှိပါသလား ခင်ဗျား။

**ဥက္ကဋ္ဌ**။ ။ လွှတ်တော်ကိုယ်စားလှယ်များခင်ဗျား။ တနင်္သာရီမဲဆန္ဒနယ်မှ လွှတ်တော်ကိုယ်စားလှယ် ဦးထွန်းဆာ တင်သွင်းတဲ့ အဆိုနှင့်စပ်လျဉ်းပြီး လွှတ်တော်က သဘောတူတဲ့အတွက် လက်ခံဆွေးနွေးရန် ဆုံးဖြတ်ပါတယ်။ (သြဘာသံများ)

## လက်ခံဆွေးနွေးရန် ဆုံးဖြတ်သော အဆိုနှင့်စပ်လျဉ်း၍ ဆွေးနွေးလိုသည့် လွှတ်တော်ကိုယ်စားလှယ်များရှိလျှင် အမည်စာရင်းတင်သွင်းနိုင်ကြောင်း ဥက္ကဋ္ဌကကြေညာခြင်း

**ဥက္ကဋ္ဌ**။ ။ ပြည်သူ့လွှတ်တော် ကိုယ်စားလှယ်များခင်ဗျား။ တနင်္သာရီမဲဆန္ဒနယ်မှ လွှတ်တော်ကိုယ်စားလှယ် ဦးထွန်းဆာ(ခ)စိုင်းထွန်းဝင်း တင်သွင်းတဲ့ အဆိုကို ၂၀၁၁ခုနှစ်၊ မတ်လ၁၁ ရက်နေ့(သောကြာနေ့) ပြည်သူ့လွှတ်တော်အစည်းအဝေး အဋ္ဌမနေ့မှာ ဆွေးနွေးပါမယ်။

ပြည်သူ့လွှတ်တော်ဆိုင်ရာ နည်းဥပဒေ၁၃၈(ဂ)အရ ဆွေးနွေးမယ့် လွှတ်တော်ကိုယ်စားလှယ်များအနေနဲ့ ဒီကနေ့ ညနေပိုင်းမှာ ပြည်သူ့လွှတ်တော်၊ ဒုတိယညွှန်ကြားရေးမှူးချုပ်ထံ အမည်စာရင်း တင်သွင်းနိုင်ကြောင်း ကြေညာပါတယ်။

## ဦးငွန်မောင်း၊ ဟားခါးမဲဆန္ဒနယ်၏ " အုပ်ချုပ်ရေး၊ စီမံခန့်ခွဲရေးကဏ္ဍများတွင် တိုင်းရင်းသားများ ပါဝင်ခွင့်ရရှိရေး " အဆို တင်သွင်းခြင်းနှင့်လက်ခံဆွေးနွေးရန် သင့် မသင့် အဆုံးအဖြတ်ရယူခြင်း

**အချိန်၊ ၁၂း၀၅။**

**ဥက္ကဋ္ဌ** ။ ။ပြည်သူ့လွှတ်တော် ကိုယ်စားလှယ်များ ခင်ဗျား။ ဟားခါး မဲဆန္ဒနယ်မှ လွှတ်တော်ကိုယ်စားလှယ် ဦးငွန်မောင်းက အဆိုတစ်ရပ်တင်သွင်းလိုကြောင်း ပေးပို့ထားပါတယ်။ ပြည်သူ့ လွှတ်တော်ဆိုင်ရာ နည်းဥပဒေ ၁၃၈(က) အရ အဆိုတင်သွင်းမည့် ကိုယ်စားလှယ်အား ဥက္ကဋ္ဌက ဖိတ်ခေါ်တဲ့အခါ သက်ဆိုင်ရာ လွှတ်တော်ကိုယ်စားလှယ်က မိမိအဆိုကို ဦးစွာဖတ်ပြတင်သွင်းပြီး ဆွေးနွေးပြောဆိုရန် သို့မဟုတ် အဆိုကို မတင်သွင်းလိုတော့ကြောင်း တင်ပြရန် ဖြစ်ပါတယ်။ **"အုပ်ချုပ်ရေး၊ စီမံခန့်ခွဲရေးကဏ္ဍများတွင် တိုင်းရင်းသားများ ပါဝင်ခွင့် ရရှိရေး"** အဆိုကို တင်သွင်းဖို့ ဦးငွန်မောင်းအား ဖိတ်ခေါ်ပါတယ်။

**အချိန်၊ ၁၂း၀၇။**

**ဦးငွန်မောင်း(ဟားခါးမဲဆန္ဒနယ်)**။ ။လေးစားအပ်ပါသော ဥက္ကဋ္ဌကြီးနှင့် လွှတ်တော် ကိုယ်စားလှယ်များ ခင်ဗျား။ ကျွန်တော်ကတော့ ဟားခါးမြို့နယ်မှ ပြည်သူ့လွှတ်တော် ကိုယ်စားလှယ် ဦးငွန်မောင်း ဖြစ်ပါတယ်။ ခေတ်မီဒီမိုကရေစီ မြန်မာနိုင်ငံတော်ကြီး တည်ဆောက်တဲ့ နေရာမှာ အုပ်ချုပ်ရေး၊ စီမံခန့်ခွဲရေးကဏ္ဍများတွင် တိုင်းရင်းသားများ ပါဝင်ရေးကို ရှေးရှုရန်-

(က) ပြည်ထောင်စုဝန်ကြီး၊ ဒုဝန်ကြီးရာထူးများနှင့် ပြည်ထောင်စုအဆင့်ဝင် ရာထူးများအတွက် အရည်အချင်းမီ တိုင်းရင်းသားများကို တန်းတူပါဝင်ခန့်ထားရန်။

( ခ ) တိုင်းရင်းသား ဒေသများဖြစ်သည့် ဒေသများတွင် ပြည်နယ်များတွင် ပြည်နယ် တရားသူကြီးချုပ်၊ ရှေ့နေချုပ်၊ စာရင်းစစ်ချုပ်၊ ပြည်နယ်အဆင့် အဖွဲ့အစည်းများတွင် သက်ဆိုင်ရာ ပြည်နယ်မှ အရည်အချင်းမီ တိုင်းရင်းသားများကို ဦးစားပေးခန့်ထားရန်

ဆိုပြီးတော့ ၉-၃-၂၀၁၁ နေ့မှာ ကျွန်တော်အဆို တင်သွင်းခဲ့ပါတယ်။

ကျွန်တော်အဆိုတင်သွင်းပြီးနောက်ပိုင်းမှာ ယခုလွှတ်တော်အစည်းအဝေး ကျင်းပတဲ့အချိန်မှာ လွှတ်တော်ရေးရာနဲ့ အဖွဲ့အစည်းများမှာ တိုင်းရင်းသားများကို အထိုက်အလျောက်နေရာပေးရွေးချယ် ခန့်ထားသည်ကို တွေ့ရှိရပါသဖြင့် လွန်စွာပဲ ဝမ်းသာရပါတယ်။ကျေးဇူးလည်းတင်ရှိပါတယ်ခင်ဗျား။ အခုလိုပဲ နောင်လာမယ့် အဖွဲ့အစည်းရာထူးနေရာများ၌လည်း ယခုလိုပဲ တိုင်းရင်းသားများကို နေရာပေးရွေးချယ် ခန့်ထားပေးမယ်လို့ ယူဆပါကြောင်း တင်ပြရင်း အားလုံးကို ကျေးဇူးတင်ပါတယ် ဆိုတာ ပြောကြားလိုပါတယ်ခင်ဗျား။ (သြဘာသံများ)

**ဥက္ကဋ္ဌ**။ ။ ဦးငွန်မောင်း တင်သွင်းသွား တဲ့အဆိုကို လွှတ်တော်က လက်ခံဆွေးနွေးဖို့ရန် သင့် မသင့် လွှတ်တော်ရဲ့ အဆုံးအဖြတ်ရယူဖို့အတွက် ကိုယ်စားလှယ်တစ်ဦးရဲ့ ထောက်ခံချက် လို အပ်ပါတယ်။ အဆိုကို ထောက်ခံမယ့် ကိုယ်စားလှယ်အား ဖိတ်ခေါ်ပါတယ်။

**ဦးစိုင်းဝင်းခိုင်(သိန္နီမဲဆန္ဒနယ်)**။ ။ဟားခါးမဲဆန္ဒနယ်မှ ဦးငွန်မောင်း၏ အုပ်ချုပ်ရေး၊ စီမံခန့်ခွဲရေး ကဏ္ဍများတွင် တိုင်းရင်းသားများ ပါဝင်ခွင့် ရရှိရေး အဆိုကို ထောက်ခံအပ်ပါတယ် ခင်ဗျား။

**အချိန်၊ ၁၂း၀၈။**

**ဥက္ကဋ္ဌ**။ ။ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်များခင်ဗျား။ဟားခါးမဲဆန္ဒနယ်မှ လွှတ်တော် ကိုယ်စားလှယ် ဦးငွန်မောင်း တင်သွင်းတဲ့အဆိုကို ကိုယ်စားလှယ်တစ်ဦးက ထောက်ခံသွားပါတယ်။ အဆိုမှာ အုပ်ချုပ်ရေး၊ စီမံခန့်ခွဲရေးကဏ္ဍများတွင် တိုင်းရင်းသားများ ပါဝင်ခွင့် ရရှိရေး အဆို ဖြစ်ပါတယ်။ ဒါ့ကြောင့် ဒီအဆိုကို လွှတ်တော်က လက်ခံဆွေးနွေးရန် သင့် မသင့် လွှတ်တော်ရဲ့ ဆန္ဒရယူပါ့မယ်။ ဦးငွန်မောင်း တင်သွင်းတဲ့အဆိုကို လက်ခံဆွေးနွေးရန် ပြည်သူ့လွှတ်တော်က သဘောတူပါ သလားခင်ဗျား။

**[ သုံးကြိမ်တိုင်တိုင် မေးမြန်းပါသည်။ လွှတ်တော်က သဘောတူပါသည်။]**

**ဥက္ကဋ္ဌ**။ ။အဆိုကိုလက်ခံဆွေးနွေးဖို့ သဘောမတူတဲ့ လွှတ်တော်ကိုယ်စားလှယ်များ ရှိပါသလား ခင်ဗျား။

**[သဘောမတူသူမရှိပါ။]**

**ဥက္ကဋ္ဌ**။ ။ လွှတ်တော်ကိုယ်စားလှယ်များခင်ဗျား။ ဟားခါးမဲဆန္ဒနယ်မှ လွှတ်တော် ကိုယ်စားလှယ် ဦးငွန်မောင်း တင်သွင်းတဲ့ အဆိုနှင့်စပ်လျဉ်းပြီး လွှတ်တော်က သဘော တူတဲ့အတွက် လက်ခံဆွေးနွေးရန် ဆုံးဖြတ်ပါတယ်။ (သြဘာသံများ)

## လက်ခံဆွေးနွေးရန် ဆုံးဖြတ်သောအဆိုနှင့်စပ်လျဉ်း၍ ဆွေးနွေးလိုသည့် လွှတ်တော်ကိုယ်စားလှယ်များရှိလျှင် အမည်စာရင်းတင်သွင်းနိုင်ကြောင်း ဥက္ကဋ္ဌကကြေညာခြင်း

**ဥက္ကဋ္ဌ**။ ။လွှတ်တော်ကိုယ်စားလှယ်များခင်ဗျား။ ဟားခါးမဲဆန္ဒနယ်မှ လွှတ်တော်ကိုယ်စားလှယ် ဦးဝွန်မောင်း တင်သွင်းတဲ့ အဆိုကို ၂၀၁၁ခုနှစ်၊ မတ်လ၁၁ ရက်နေ့(သောကြာနေ့) ပြည်သူ့လွှတ်တော် အစည်းအဝေး အဌမနေ့မှာ ဆွေးနွေးပါမယ်။ ပြည်သူ့လွှတ်တော်ဆိုင်ရာ နည်းဥပဒေ ၁၃၈(ဂ) အရ ဆွေးနွေးမယ့် လွှတ်တော်ကိုယ်စားလှယ်များ အနေနဲ့ ဒီကနေ့ညနေပိုင်းမှာ ပြည်သူ့လွှတ်တော် ဒုတိယညွှန်ကြားရေးမှူးချုပ်ထံ အမည်စာရင်း တင်သွင်း နိုင်ကြောင်း ကြေညာပါတယ်။

**ဥက္ကဋ္ဌ**။ ။အစည်းအဝေး မရပ်နားမီ အနည်းငယ်ရှင်းလင်း ပြောကြားလိုပါတယ်။ သက်ဆိုင်ရာ ပြည်သူ့လွှတ်တော်ဥပဒေ၊ နည်းဥပဒေများအရ မေးခွန်းများ၊ အဆိုများ၊ ဥပဒေများ တင်သွင်းနိုင်ကြပါတယ်။ လောလောဆယ်ရရှိထားတဲ့ မေးခွန်းများ၊ အဆိုများအနက် အချို့မေးခွန်းဖြင့် မေးရမယ့်ကိစ္စများကို အဆိုမှာဖော်ပြထားတာတွေရှိပါတယ်။ ဒါကြောင့်မို့လို့ တိုတိုနဲ့လိုရင်း ရှင်းရမယ်ဆိုရင် မေးခွန်း၊ မေးခွန်းဆိုတာအားလုံးသိတဲ့အတိုင်းဘဲ အင်္ဂလိပ်လိုဆိုရင်တော့ Question ၊ မေးခွန်း ဘာကြောင့်မေးလည်း မသိတာကို သိအောင်မေးခြင်းပဲ ဖြစ်ပါတယ်။ ဒါကြောင့်မို့လို့ မိမိမသိတာကို သိအောင်မေးဖို့ပဲဖြစ်ပါတယ်။ အဆို၊ အားလုံးသိတဲ့အတိုင်းဘဲ အဆိုဟာ အင်္ဂလိပ်လို Proposal ဖြစ်ပါတယ်။ အဆိုကျတဲ့အခါကျတော့ မိမိသိထားတဲ့ အပေါ်မူတည်ပြီးတော့ မိမိသိထားတာကို မိမိဖြစ်စေချင်တဲ့ဆန္ဒဖြစ်ဖို့အတွက် အဆိုတင်သွင်းခြင်းဖြစ်ပါတယ်။

အဲဒီလိုတင်သွင်းတဲ့အခါမှာ ဒီအဆို အောင်မြင်သွားတယ်ဆိုလို့ရှိရင် ဥပဒေကြမ်းအဖြစ် ဆက်လက်တင်သွားနိုင်မယ့်ကိစ္စဖြစ်ပါတယ်။ ဒါကြောင့်မို့လို့ မေးခွန်းဟာဘာလဲ၊ မေးခွန်းမေးမယ်ဆိုရင် အဓိကကတော့ မိမိသိချင်တဲ့အချက်များကို မေးဖို့ဘဲဖြစ်ပါတယ်။ အဲဒီလိုမေးတဲ့ အခါမှာ တစ်ဆက်တစ်စပ်တည်း ဖြေသင့်တယ်လို့ ယူဆတယ်ဆိုလို့ရှိရင် တစ်ဆက်တစ်စပ်တည်းမေးခွန်းမှာ ဖော်ပြပြီး မေးသွားဖို့ဖြစ်ပါတယ်။ ဒီနေ့ ကြုံတွေ့လာရတဲ့ကိစ္စ တစ်ခုကတော့ မေးခွန်းမေးတယ်။ သက်ဆိုင်ရာ တာဝန်ရှိ ပြည်ထောင်စုအဆင့်က ဖြေကြားတယ်။ ဖြေကြားတဲ့အခါမှာ ထပ်ပြီးတော့ မေးခွန်းမေးတဲ့ သဘောဖြစ်ပါတယ်။ အဲဒီမေးခွန်းမေးတဲ့သဘောကို ဆက်ပြီးတော့ ဒီမှာဆွေးနွေးမယ်၊ ဖြေကြားမယ် ဆိုလို့ရှိရင် မေးလိုက်ဖြေလိုက်နဲ့ ကျန်တဲ့လုပ်ငန်းတွေကိုဆက်ပြီး ကျွန်တော်တို့ လုပ်သွားဖို့ အချိန်ရဲ့ကန့်သတ်ချက်ရှိပါတယ်။ ဒါကြောင့်မို့လို့ ခုနက ကျွန်တော် ဆုံးဖြတ်လိုက်ပါတယ်။

ဒီဟာသည် မေးခွန်းအသစ်ဖြစ်တယ်လို့ ယူဆတဲ့အတွက် မေးခွန်းသစ်တစ်ခု မေးတဲ့အခါမှာ လိုအပ်တဲ့ အင်္ဂါရပ်နဲ့ အညီ မေးနိုင်ဖို့အတွက် ပြည်သူ့လွှတ်တော် ဒုတိယ ညွှန်ကြားရေးမှူးချုပ် ဆီကိုမေးမြန်းဖို့၊ စာနဲ့ မေးမြန်းဖို့ ကျွန်တော် ဆုံးဖြတ်ခြင်းဖြစ်ပါတယ်။ အဲဒီလို ဆုံးဖြတ်တဲ့အခါမှာလည်း ဒီအမေးကို နှုတ်ဖြင့် ပြည်သူ့လွှတ်တော်မှာ ဖြေကြားစေလိုတဲ့ ဆန္ဒရှိတယ်ဆိုရင် ကြယ်ပွင့်ပြထားပြီးတော့ မေးမြန်းဖို့ ဖြစ်ပါတယ်။ တချို့မေးထားတဲ့ မေးခွန်းတွေမှာ ကြယ်ပွင့်မပါပါဘူး။ ဒါပေမဲ့ သက်ဆိုင်ရာ ကိုယ်စားလှယ်ရဲ့ တင်ပြချက်အရ ဒီမေးခွန်းကို ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် အားလုံးကြားအောင် ဖြေပေးဖို့ လိုလားပါတယ်လို့ နှုတ်ဖြင့် ဒီလိုပြောတဲ့အတွက် ဒီမေးခွန်းတွေကိုလည်း ကျွန်တော် ထပ်ပြီးတော့ ကြယ်ပွင့်ပြပြီးတော့ ဆက်လက်ဆောင်ရွက်ပါမယ်။

ထိုနည်းတူစွာပဲ အဆိုနဲ့ ပတ်သက်လို့ ကျွန်တော် ရှင်းလင်းတင်ပြပြီးဖြစ်ပါတယ်။ ဒီနေ့ အဆိုနဲ့ပတ်သက်ပြီးတော့ အဆို လေးခု တင်သွင်းပါတယ်။ အဆို လေးခုစလုံးကို ထောက်ခံတဲ့သူ တစ်ဦးစီ တစ်ဦးစီ လေးဦး ရှိပါတယ်။ ဒါကြောင့်မို့လို့ လွှတ်တော်ရဲ့ အဆုံးအဖြတ်ကို ရယူပါတယ်။ လွှတ်တော်က ဒီအဆိုနဲ့ပတ်သက်ပြီးတော့ ဆွေးနွေးဖို့ ထောက်ခံပါ သလားဆိုတဲ့အခါမှာ အားလုံးက ထောက်ခံ ပါတယ်။ ထပ်ပြီးတော့ သေချာအောင် ကန့်ကွက်ရန်ရှိပါသလားလို့ မေးတဲ့အခါမှာ ကန့်ကွက်ရန် မရှိပါဘူး။ မရှိတဲ့အတွက် ဒီအဆိုကို ဆက်လက်ပြီးတော့ နောက်ရက်တွေမှာ ဆွေးနွေးပါမယ်။ ဆွေးနွေးဖို့အတွက် ဆွေးနွေးလိုတဲ့ သူများဟာ ဒီကနေ့ညနေပိုင်းမှာ လွှတ်တော်ရုံး၊ ဒုတိယညွှန်ကြားရေးမှူးချုပ်ထံ စာရင်းပေးသွင်းဖို့ ဖြစ်ပါတယ်။ အဲဒီလိုပေးသွင်းတဲ့ အခါမှာ ဒီပုဂ္ဂိုလ်များဟာ ဒီအဆိုကို ဆွေးနွေးဖို့အတွက် ကြိုတင်ပြင်ဆင်ပြီးတဲ့ အခါမှာ သတ်မှတ်ထားတဲ့ အချိန်အတွင်းမှာ ဆွေးနွေးနိုင်ပါမှ မိမိတို့ရဲ့ အဆို တင်သွင်းမှုပေါ်မှာ မူတည်ပြီးတော့ ဆွေးနွေးမှုဟာ ကျစ်ကျစ်လစ်လစ်နဲ့ သိပ်သိပ်သည်းသည်း ဖြေဆိုဆွေးနွေးနိုင်မှာ ဖြစ်ပါတယ်။ ကျွန်တော်ရဲ့ ရှင်းလင်း တင်ပြချက်၊ ကြားဖြတ် ရှင်းလင်းတင်ပြချက် ဒီမှာပြီးပါပြီ။

## ပြည်သူ့လွှတ်တော် ဥက္ကဋ္ဌက ပြည်သူ့လွှတ်တော် အစည်းအဝေး ဆဋ္ဌမနေ့ ရပ်နားကြောင်းနှင့် အစည်းအဝေး သတ္တမနေ့ဆက်လက်ကျင်းပမည့် နေ့ရက်နှင့်အချိန်ကို ကြေညာခြင်း

**အချိန်၊ ၁၂း ၁၇။**

**ဥက္ကဋ္ဌ။** ။ ယနေ့ ပြည်သူ့လွှတ်တော် ပုံမှန် အစည်းအဝေး ဆဋ္ဌမနေ့ကို ရပ်နားပါမယ်။ ပြည်သူ့လွှတ်တော် ပုံမှန်အစည်းအဝေးသတ္တမနေ့ကို၂၀၁၁ ခုနှစ်၊ မတ်လ ၁၀ ရက်(ကြာသပတေးနေ့) ၁၀း၀၀ အချိန်မှာ ဆက်လက်ကျင်းပမှာ ဖြစ်ကြောင်း ကြေညာပါတယ်။ (သြဘာသံများ)

**အခမ်းအနားမှူး။** ။ ဥက္ကဋ္ဌကြီး ပြန်လည်ထွက်ခွာပါပြီခင်ဗျား။

**အခမ်းအနားမှူး။** ။ပြည်သူ့လွှတ်တော် ကိုယ်စားလှယ်ကြီးများအားလုံး အစည်းအဝေး ခန်းမအတွင်းမှ ပြန်လည်ထွက်ခွာနိုင်ပါပြီ ခင်ဗျား။

[ ပထမအကြိမ် ပြည်သူ့လွှတ်တော် အစည်းအဝေးဆဋ္ဌမနေ့ကို ၁၂း ၁၈ နာရီ အချိန်တွင် ရပ်နားပါသည်။ ]